ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်၊ တနင်္လာနေ့ (27-5-2013) (၇၄၉၃)


“ မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် အကူအညီ ပိုမိုပေးအပ်သွားမည်ဖြစ်ကြောင်း ထပ်လောင်းပြောကြားခဲ့သည့်အတွက် မြန်မာပြည်သူများကိုယ်စား များစွာကျေးဇူးတင် ”



# ဂျပန်ယန်းချေးငွေသစ်နှင့် ထောက်ပံ့ငွေများပေးအပ်ရန် ဆုံးဖြတ်ခဲ့ နည်းပညာပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရန် သန္နိဋ္ဌာန်ချ သီလဝါစီးပွားရေးဇုန်လုပ်ငန်းများ လက်တွဲလုပ်ဆောင်ရန် သဘောတူ



နေပြည်တော် မေ ၂၆

**ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာရှင်ဇိုအာဘေးနှင့် ဇနီးတို့၏ မြန်မာနိုင်ငံခရီးစဉ်အပြီးတွင် မြန်မာ-ဂျပန် ပူးတွဲကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။**

**အဆိုပါ ပူးတွဲကြေညာချက်မှာ အောက်ပါအတိုင်းဖြစ်သည်-**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံ ပူးတွဲကြေညာချက် နှစ်နိုင်ငံ အပြန်အလှန်ချစ်ကြည်ရင်းနှီးမှုအတွက် အခြေခံသစ်များ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးသည် မြန်မာနိုင်ငံသို့ ၂၀၁၃ ခုနှစ် မေ ၂၄ ရက်မှ ၂၆ ရက်နေ့အထိ တရားဝင်ခရီး လာရောက်လည်ပတ်ခဲ့သည်။

ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဂျပန်ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးတို့သည် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ နှစ်နိုင်ငံ ခေါင်းဆောင်ကြီးများသည် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးကို မြှင့်တင်ရေးနှင့် တည်ရှိပြီးဖြစ်သော ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**

# ရန်ကုန်မြို့တော် ဖွံ့ဖြိုးတိုးတက်ရေး မြို့ပြစီမံကိန်းရေးဆွဲမှု၊ မြို့ပတ်ရထားလမ်း ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး မြန်မာနိုင်ငံတွင် မော်တော်ကားစက်ရုံများ တည်ဆောက်ထုတ်လုပ်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေး

နေပြည်တော် မေ ၂၆



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် ယနေ့ နံနက် ၁၁ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။**(အောက်ပုံ)

ထိုသို့တွေ့ဆုံစဉ် ရန်ကုန်တက္ကသိုလ်နှင့် နာဂိုယာတက္ကသိုလ်အကြား ပူးပေါင်းဆောင်ရွက်ရေး၊ ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ ဂျပန်-မြန်မာ ဥပဒေရေးရာ သုတေသနဌာန (Japan- Myanmar Legal Center) တည်ထောင်ရေး၊ အခြေခံအဆောက်အအုံများ တည်ဆောက်ရေး၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ (SMEs)ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးကဏ္ဍများတွင် ကူညီပံ့ပိုးပေးရေး၊ ဘဏ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာ/အတတ်ပညာ အကူအညီပေးရေး၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများအတွက် **စာမျက်နှာ ၉ ကော်လံ ၁ သို့ ☆**




**ကြေးမုံစာတည်းရှုထောင့်** ၂၇-၅-၂၀၁၃ [တနင်္လာနေ့]

# ဘေးကင်းဖို့က အဓိက

လွန်ခဲ့သည့်ရက်က ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၁၂၅ မိုင်၊ လေးဖာလုံခန့်တွင် မှန်လုံယာဉ်တစ်စီးသည် အရှိန်လွန်ဘီးပေါက်ကာ အနီးရှိချောင်းအောက်သို့ ထိုးကျပြီး ကားပေါ်ပါ လူ ၁၁ ဦးသေဆုံးသွားခဲ့သည်။ ယင်းဖြစ်စဉ်သည် အမြန်လမ်းမကြီးပေါ်တွင် ဖြစ်ပွားခဲ့သော ယာဉ်တိမ်းမှောက်မှုများအနက် အဆိုးရွားဆုံးဖြစ်စဉ်ဟု ဆိုရမည်ဖြစ်သည်။

ယင်းသို့ဖြစ်ပွားပြီးနောက်တစ်နေ့တွင် အမြန်လမ်းမကြီး ရန်ကုန်အဝင်တိုးဂိတ်၌ လမ်းလုံခြုံရေး တာဝန်ရှိသူများက အမြန်လမ်းမကြီးပေါ်တွင် ဖြတ်သန်းကြမည့် ယာဉ်များအား သတ်မှတ်ထားသော မိုင်နှုန်းထက်ပို၍ မောင်းနှင်ခြင်းမပြုရန် သတိပေးကြသည်။

အမြန်လမ်းမကြီးပေါ်တွင် မောင်းနှင်ကြသည့် ယာဉ်အများစုမှာ သတ်မှတ်မိုင်နှုန်းအတိုင်း မောင်းနှင်ကြသည်ကို တွေ့ရသည်။ သို့သော် အချို့ယာဉ်များမှာမူ ထိုအမြန်လမ်းပေါ်၌ မနေ့တစ်နေ့ကပင် ကြောက်မက်ဖွယ်ရာအဖြစ်ဆိုးကို ကြားသိကြရမည်ဖြစ်သော်လည်း အမြန်နှုန်းမြင့်မောင်းနှင်ခြင်းကို နှစ်သက်စွာဖြင့် ဆက်လက်မောင်းနှင်ဆဲဖြစ်သည်ကို တွေ့ရသည်။

ထင်ရှားစွာဆိုရလျှင် သတ်မှတ်မိုင်နှုန်း ကီလိုမီတာ ၁၀၀ဖြင့် မောင်းနှင်နေသော ယာဉ်တစ်စီးကို အချို့ယာဉ်ကြီး၊ ယာဉ်ငယ်များက ကျော်ဖြတ်ကြပြီးနောက် မကြာမြင့်မီအချိန်အတွင်း ထိုကျော်ဖြတ်ယာဉ်များသည် တရိပ်ရိပ်နှင့် ပျောက်ကွယ်သွားကြသည်ဆိုလျှင် ထိုကားများ၏ အမြန်နှုန်းမည်မျှရှိမည်ကို ခန့်မှန်းကြည့်နိုင်မည်ဖြစ်သည်။

သတ်မှတ်အမြန်နှုန်း ကီလိုမီတာ ၁၀၀ထက်ပိုမမောင်းရ၊ အသက်အန္တရာယ်ရှိသည်ဟု သတိပေးဆိုင်းဘုတ်များကို လမ်းမကြီးဘေးတွင် စိုက်ထူသတိပေးထားသော်လည်း လိုက်နာမှုမရှိသဖြင့် ထိုနေ့က ကြောက်မက်ဖွယ်အဖြစ်ဆိုးနှင့် မကြုံတွေ့ချင်ဘဲ ကြုံတွေ့လိုက်ရခြင်းဖြစ်ရာ အပြစ်မဲ့ခရီးသွားပြည်သူများပါ သေဆုံးပျက်စီးခဲ့ကြရသည်။

ခရီးသည်တင် ယာဉ်မောင်းတိုင်းအတွက် သတိပေးစာတမ်းတစ်ခုဖြစ်သည့် "သင့်အား သင့်မိသားစုက အိမ်ပြန်လာချိန်ကို စောင့်မျှော်လျက်ရှိပါသည်" သတိပေးစာတမ်းထက် "ခရီးသွားပြည်သူများ၏ အသက်သည် သင့်လက်ထဲတွင်ရှိသည်" ဟူသော သတိပေးစာတမ်းက ပို၍အရေးကြီးလှသည်ဟု ထင်မြင်မိပါသည်။

ယခုဖောက်လုပ်ထားသော ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးသည် ခရီးသွားပြည်သူများ အချိန်တိုအတွင်း လွယ်လင့်တကူသွားရောက်နိုင်ရန်အတွက် တတ်နိုင်သည့်ဝန်နှင့် တတ်နိုင်သည့်အားဖြင့် အတတ်နိုင်ဆုံးဖောက်လုပ်ပေးခဲ့သည့် လမ်းမကြီးဖြစ်ပါသည်။ ထိုလမ်းမကြီးသည် နိုင်ငံတကာစံနှုန်းနှင့် မီသည်ဖြစ်စေ၊ မမီသည်ဖြစ်စေ ထိုလမ်းမကြီးပေါ်တွင် ဖြစ်ပေါ်ခဲ့သော ဘေးအန္တရာယ်များအတွက် ထိုလမ်းမကြီးကို အပြစ်ပုံချနေရုံဖြင့် အလုပ်ဖြစ်မည်မဟုတ်ချေ။

မဖြစ်မနေသွားလာနေရ၍ ယာဉ်မောင်းများဘက်က အသိတရားရှိရှိ သတိတရားမိမိဖြင့် မိမိယာဉ်နှင့်ခရီးသည်များ ဘေးအန္တရာယ်မဖြစ်အောင် သတ်မှတ်ထားသော လမ်းစည်းကမ်းအတိုင်း ဂရုပြုမောင်းနှင်ကြရန်ဖြစ်ပါသည်။ လမ်း၏ အားနည်းချက်ကို သတိမူမိဖို့လိုသည်။ ထိုအမြန်လမ်းမကြီးပေါ်တွင် အထူးသတိထားရမည့်အချက်မှာ အိပ်မငိုက်မိစေရန်နှင့် မိမိ၏ယာဉ်အောက်ပိုင်းနှင့် ဘီးများ ကြံ့ခိုင်နေစေရန် အရေးကြီးလှပါသည်။

အရက်သေစာသောက်စားခြင်းနှင့် သတ်မှတ်အမြန်နှုန်းထက် ပို၍ မမောင်းမိစေရန်လည်း အထူးဂရုစိုက်ကြရမည်ဖြစ်ပါသည်။ သို့မှသာ သင့်မိသားစုနှင့်တကွ သင်၏ခရီးသည်များ ကိုယ်၊ စိတ် ချမ်းသာပြီး ဘေးဘယာ ကင်းဝေးကာ လိုရာခရီးသို့ ချောချောမွေ့မွေ့ ရောက်ရှိနိုင်မည်ဖြစ်ပါသည်။ ။

# GE International ရုံးဖွင့်ပွဲ ဂုဏ်ပြုညစာစားပွဲကျင်းပ

**ရန်ကုန် မေ ၂၆**

GE International ရုံးဖွင့်ပွဲ ဂုဏ်ပြုညစာစားပွဲကို မေ ၂၄ ရက် ည ၇ နာရီတွင် Chatrium Hotel ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဉာဏ်ထွန်းဦး၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှ Deputy Chief of Mission Ms. Virginia E. Murray နှင့် GE International ၏ ASEAN အမှုဆောင်အရာရှိချုပ် Mr. Stuart Dean တို့က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တိုင်းဒေသကြီး ကဆုန်ညောင်ရေသွန်းပွဲတော်ကို မေ ၂၄ ရက် နံနက် ၆ နာရီတွင် ဒဂုံမြို့နယ် ဆံတော်ကြို အလံပြဘုရားပရိဝုဏ်၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ဘုရားရင်ပြင်ရှိ မဟာဗောဓိပင်အား ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

Yangon ICT Fair (Computer & Mobile ) May 2013 ဖွင့်ပွဲအခမ်းအနားကို နံနက်ပိုင်းတွင် ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး၊ တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်များအသင်းဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌတို့က ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီး ဦးသောင်းတင်တို့က ပြပွဲကို Sensor by Global ဖြင့်ဖွင့်လှစ်ပေးကာ ပြခန်းအတွင်း ကြည့်ရှုအားပေးကြသည်။

ပြပွဲတွင် Mobile နှင့် IT နယ်ပယ်မှ ကုမ္ပဏီ ၅၇ ခုက ကွန်ပျူတာနှင့် ဆက်စပ်အပိုပစ္စည်းများ၊ Mobile Phone နှင့် Software များ၊ လျှပ်စစ်ပစ္စည်းများ၊ ဆက်သွယ်ရေးပစ္စည်းများနှင့် နည်းပညာများကို ပြခန်းပေါင်း ၁၆၀ ဖြင့် မေ ၂၆ ရက်အထိ ဖွင့်လှစ်ပြသခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




# လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန် ကွန်ကရစ်လမ်းခင်းကျင်း

**ရန်ကုန် မေ ၂၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လမ်းမကြီးများ၊ ရပ်ကွက်များအတွင်းရှိ လမ်းသွယ်များ၊ မော်တော်ယာဉ်များနှင့် ခရီးသွားပြည်သူများ အခက်အခဲမရှိ မောင်းနှင်သွားလာနိုင်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် ခရီးလမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့စေရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လမ်းတံတားဌာနတာဝန်ရှိသူများက ကွန်ကရစ်လမ်းများ ခင်းကျင်းပေးလျက်ရှိကြောင်း သိရသည်။ ထိုနည်းတူ နိုင်ငံတော်အစိုးရမှ ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် စည်ပင်သာယာရေးကော်မတီ တာဝန်ရှိသူများဦးဆောင်၍ ထန်းတပင် အေးရွာလေးလမ်းဆုံမှ အရှည် ခုနစ်မိုင် ခြောက်ဖာလုံရှိ ကတ္တရာလမ်းမကြီးမှာ ပျက်စီးယိုယွင်းနေသည့်အတွက် အေးရွာလေးမှ အနောက်ပိုင်းတက္ကသိုလ်အထိ ခင်းကျင်းမည့်ကွန်ကရစ်လမ်းမှာ အကျယ် ၁၄ ပေ၊ အေးရွာလေးမှ အရှည် သုံးမိုင် တစ်ဖာလုံ၊ ဒု ၁၀ လက်မ ခင်းကျင်းနေသည်မှာ မေ ၁၉ ရက်က စည်ပင်သာကျေးရွာအထိ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**



**(၆၈၄)**

# ရခိုင်ပြည်နယ် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်

**နေပြည်တော် မေ ၂၆**

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးသည် မေ ၂၀ မှ ၂၂ ရက်အထိ ရခိုင်ပြည်နယ် စစ်တွေ၊ မြောက်ဦး၊ မင်းပြား၊ မြေပုံနှင့် ပေါက်တောမြို့နယ်များသို့ သွားရောက်ကာ ဒေသခံရေလုပ်သားများ၊ ရေလုပ်ငန်းရှင်များ၊ မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ရခိုင်ပြည်နယ်၏ ရေလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ငါး/ပုစွန် သားပေါက်စခန်းများ တိုးချဲ့လုပ်ကိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



✳ **ရှေ့ဖုံးမှ**

တည်တံ့ခိုင်မြဲရေးတို့အတွက် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။ မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့သည် အတူတကွလက်တွဲ၍ အောက်ဖော်ပြပါကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးကို မြှင့်တင်သွားရန် သဘောတူညီမှု ရရှိခဲ့ကြသည်။

**(၁) မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များအပေါ် ထောက်ခံမှု**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဒီမိုကရေစီစနစ်တည်ဆောက်ခြင်း၊ တရားဥပဒေစိုးမိုးရေးတည်ဆောက်ခြင်း၊ စီးပွားရေးပြုပြင်ပြောင်းလဲမှု အကောင်အထည်ဖော်ခြင်းနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်တို့အပါအဝင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အစွမ်းကုန်ဆက်လက်လုပ်ဆောင်သွားမည်ဟု ကတိပြုခဲ့သည်။ ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးကလည်း ပြည်သူနှင့်ပုဂ္ဂလိကကဏ္ဍများ၏အင်အားကို ပူးပေါင်းလျက် မြန်မာနိုင်ငံအစိုးရမှ ဆောင်ရွက်လျက်ရှိသည့် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များအပေါ် ဂျပန်နိုင်ငံမှ ဆက်လက်ထောက်ခံသွားရန် ရည်ရွယ်ကြောင်း ထပ်လောင်းပြောကြားသည်။

**(၂) နှစ်နိုင်ငံ ကြီးပွားချမ်းသာရေးဆီသို့**

မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ အဖွဲ့အစည်းဌာနဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းဆောင်နိုင်မှုစွမ်းရည် တည်ဆောက်ရေးနှင့် ကျေးလက်ဒေသနှင့် တိုင်းရင်းသား လူနည်းစုဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးအစရှိသည်တို့သည် မြန်မာနိုင်ငံအား ကြွယ်ဝချမ်းသာပြီး ပြည်သူများ၏ လူနေမှုဘဝ အဆင့်မြှင့်တင်ရေးအတွက် အရေးကြီးသည်။

မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ခံသောအားဖြင့် ကျန်ရှိသည့်ကြွေးမြီများ ရှင်းလင်းရေးကို အကောင်အထည်ဖော်ခဲ့ပြီး ဂျပန်အစိုးရသည် မြန်မာနိုင်ငံအား ယန်းချေးငွေသစ်နှင့် ထောက်ပံ့ငွေများ ပေးအပ်သွားရန် ဆုံးဖြတ်ခဲ့ကာ ဝန်ကြီးချုပ်၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း ယန်းချေးငွေသစ်နှင့် ထောက်ပံ့ငွေများ ပေးအပ်ရေး သဘောတူညီမှုစာချုပ်များကို လဲလှယ်ခဲ့သည်။ ထို့အပြင် နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးတို့သည် မြန်မာအစိုးရ၏ စွမ်းဆောင်နိုင်မှုစွမ်းရည်တည်ဆောက်ရေးနှင့် အဖွဲ့အစည်းဌာနဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဂျပန်နိုင်ငံနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးကြောင်း သဘောတူကြပြီး နည်းပညာပူးပေါင်း ဆောင်ရွက်မှုကို ပိုမိုမြှင့်တင်ရန် သန္နိဋ္ဌာန်ချခဲ့ကြသည်။ ထို့အပြင် နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးတို့သည် နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများမှတစ်ဆင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး ပိုမိုခိုင်မာစေရန် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှု သဘောတူညီချက် ဆောလျင်စွာ လက်မှတ်ရေးထိုးနိုင်ရေး၊ နည်းပညာပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် အကောင်အထည်ဖော်မှုကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်ရေး၊ သီလဝါ စီးပွားရေးဇုန်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့်လုပ်ဆောင်သွားရေးအတွက် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ရေးများကို လက်တွဲလုပ်ဆောင်သွားရန် သဘောတူခဲ့ကြသည်။ မကြာသေးမီက စတင်ခဲ့သော ဂျပန်-မြန်မာပူးတွဲပဏာမ ခြေလှမ်း ခေါင်းစဉ်အောက်မှ ဆွေးနွေးမှုများဖြင့် မြန်မာနိုင်ငံတွင် ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံမှုများအတွက် ကောင်းမွန်သည့် ဝန်းကျင်တစ်ခုထူထောင်ပေးရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူ့အဖွဲ့အစည်းတို့ကို မထိခိုက်စေရန် လုပ်ဆောင်သွားရေးစသည့်အချက်များကို ထည့်သွင်းစဉ်းစားကာ ဆောင်ရွက်သွားမည်ဟု မြန်မာနိုင်ငံ၏ ကတိကဝတ်ပြုမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သမ္မတ ဦးသိန်းစိန်က ထပ်လောင်းကတိပြုခဲ့သည်။

**(၃) နှစ်နိုင်ငံပြည်သူအချင်းချင်းနှင့် ယဉ်ကျေးမှုဖလှယ်မှုတိုးမြှင့်ရေး**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့သည် ရှည်လျားသည့် သမိုင်းကြောင်းနှင့်အတူ ယဉ်ကျေးမှုအမွေအနှစ်များလည်း ရှိကြသည့်အပြင် အစားအစာနှင့် ဘာသာရေးတွင်လည်း တူညီမှုများစွာရှိကြသည်။ ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့အကြား သံတမန်ထူထောင်မှု အနှစ် ၆၀ ပြည့်မြောက်မည်ဖြစ်ပါသည်။ နှစ်နိုင်ငံအကြား တည်ရှိသည့် ချစ်ကြည်ရင်းနှီးမှုသည် နှစ်နိုင်ငံပြည်သူများအကြား နှစ်ပေါင်းများစွာ ကူးလူးဆက်ဆံမှုများမှတစ်ဆင့် ချစ်ကြည်ရင်းနှီးမှုနှင့် ယုံကြည်မှုကို ဖြစ်ထွန်းစေခဲ့ပြီး ကဏ္ဍအားလုံးတွင် ဆက်လက်တိုးမြှင့်ဆက်ဆံသွားမည်ဖြစ်သည်။ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် နှစ်နိုင်ငံ JENESYS 2.0 လူငယ်များအပြန်အလှန် လည်ပတ်မှုအစီအစဉ်ကို ပိုမိုတိုးမြှင့်သွားရေးကို မြင်တွေ့ရန် မျှော်လင့်ကြောင်းပြောကြားသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သမ္မတ ဦးသိန်းစိန်က မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းနှင့်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့်ခရီးသွားများ လွယ်ကူစွာလာရောက်နိုင်ရေး ကူညီပေးရန် ရည်ရွယ်ကြောင်း ကတိပြုပြောကြားသည်။

နှစ်နိုင်ငံအကြား သမိုင်းကြောင်းအရ ရှည်လျားသည့် ယဉ်ကျေးမှုနှင့် အားကစားအပြန်အလှန်ဖလှယ်မှုများ ပြုလုပ်ရန်နှင့် ယဉ်ကျေးမှုနှင့် အားကစားဖလှယ်မှုများကို ပိုမိုမြှင့်တင်ရန် နှစ်နိုင်ငံခေါင်းဆောင်များက သဘောတူညီခဲ့သည်။ အထူးသဖြင့် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံ၌ကျင်းပမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပရေး၌ ကူညီပံ့ပိုးပေးရန် ဝန်ကြီးချုပ် မစ္စတာအာဘေးက ထပ်လောင်းပြောကြားခဲ့သည်။

**(၄) နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ခိုင်မာလာစေရေး**

နှစ်နိုင်ငံ ခေါင်းဆောင်များက အာရှ-ပစိဖိတ်ဒေသနှင့် အိန္ဒိယသမုဒ္ဒရာဒေသအသီးသီး၌ ဒေသတွင်းကိစ္စရပ်များနှင့် လုံခြုံရေးကိစ္စရပ်များ ဆွေးနွေးမှုများ ပိုမိုတိုးမြှင့်ရန် ဆုံးဖြတ်ခဲ့ကြသည်။ နှစ်နိုင်ငံခေါင်းဆောင်များမှ နှစ်နိုင်ငံ ကာကွယ်ရေးအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရန်လည်း ဆုံးဖြတ်ခဲ့ကြသည်။

မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့သည် အထက်ဖော်ပြပါ ပူးပေါင်းဆောင်ရွက်မှုများကို တိုးတက်ခိုင်မာစေရန်အတွက် ဂျပန်နိုင်ငံမှ ကြေညာထားသည့် အဆိုပါစီမံကိန်းများသည် မြန်မာနိုင်ငံ၌ဆောင်ရွက်လျက်ရှိသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို အကျိုးပြုမည်ဖြစ်ကြောင်း အသိအမှတ်ပြုခဲ့သည်။ ဂျပန်အစိုးရ အပါအဝင် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ အထောက်အကူပေးလျက်ရှိသည့်(သို့မဟုတ်) အထောက်အကူပေးရန် ဆောင်ရွက်ဆဲဖြစ်သည့် ဘက်စုံအထောက်အကူပေးရေး စီမံကိန်းများအတွက် ပူးပေါင်းဆောင်ရွက်မှုပိုမိုတိုးမြှင့်ရန် အတည်ပြုခဲ့ကြရာ နှစ်နိုင်ငံခေါင်းဆောင်များက ကြိုဆိုခဲ့ကြသည်။

ယခုနှစ်သည် အာဆီယံ-ဂျပန် ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး နှစ် ၄၀ ပြည့်မြောက်သည့် အခါသမယဖြစ်ရာ ဂျပန်-အာဆီယံ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ရည်ရွယ်ကြောင်း နှစ်နိုင်ငံခေါင်းဆောင်များက သဘောတူညီခဲ့ကြသည်။ အဆိုပါသဘောတူညီမှုအရ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ယခုနှစ် ဒီဇင်ဘာလတွင်ပြုလုပ်မည့် ဂျပန်-အာဆီယံအထူးထိပ်သီး ဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်မည်ဟု ကတိကဝတ်ပြုခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌအဖြစ် လက်ခံကျင်းပရာတွင် လိုအပ်သည်များကို ဂျပန်နိုင်ငံမှ အထောက်အပံ့များ ဆက်လက်ပေးအပ်ခြင်းကို ကြိုဆိုသည်။

**နေပြည်တော်**

ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ မေလ ၂၆ ရက်

# မြန်မာ-ဂျပန် နှစ်နိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကပင် ချစ်ခင်ရင်းနှီးခဲ့သည့် အစဉ်အလာရှိခဲ့

နေပြည်တော် မေ ၂၆

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်းနှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာရှင်ဇိုအာဘေး၏ဇနီး မစ္စစ် အာကီအာဘေးတို့သည် ယနေ့နံနက် ၉ နာရီ မိနစ် ၅၀ တွင် နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌တွေ့ဆုံဆွေးနွေးကြသည်။**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်းနှင့် ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာရှင်ဇိုအာဘေး၏ ဇနီး မစ္စစ် အာကီအာဘေးတို့ တွေ့ဆုံဆွေးနွေးစဉ်။**

(သတင်းစဉ်)

ထိုသို့ တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတ၏ ဇနီးက ၃၆ နှစ်တာကာလအတွင်း ဂျပန်နိုင်ငံဝန်ကြီးချုပ်နှင့် ဇနီး မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ မြန်မာ-ဂျပန် နှစ်နိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကပင် ချစ်ခင်ရင်းနှီးခဲ့သည့် အစဉ်အလာရှိခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအား ဂျပန်နိုင်ငံက ကူညီပေးခဲ့မှုများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ဂျပန်ဝန်ကြီးချုပ်၏ ဇနီးအနေဖြင့် ရန်ကုန်မြို့သို့ရောက်ရှိစဉ် မိဘမဲ့ကလေးထိန်းဂေဟာနှင့် သီလရှင်စာသင်တိုက်တို့သို့ သွားရောက်လှူဒါန်းခဲ့မှုများကို မြင်တွေ့ရသည့်အတွက် ကြည်နူးဝမ်းမြောက်မိပါကြောင်း၊ ဝန်ကြီးချုပ်၏ဇနီးသည် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများ၊ အမျိုးသမီးနှင့် မိဘမဲ့ကလေးငယ်များ ပြုစုစောင့်ရှောက်ရေးကဏ္ဍ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား အားသွန်ခွန်စိုက် ကူညီပေးလျက်ရှိကြောင်း သိရှိရသည့်အတွက် ကျေးဇူးတင်ဂုဏ်ယူမိပါကြောင်းဖြင့် ပြောကြားသည်။

### ပိုမိုဆောင်ရွက်ပေးလို

ထို့နောက် ဂျပန်ဝန်ကြီးချုပ်၏ ဇနီးက ၂၀၀၆ ခုနှစ်မှစ၍ မြန်မာနိုင်ငံမှ ဆင်းရဲနွမ်းပါးသည့် ကလေးသူငယ်စောင့်ရှောက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုဆိုလျှင် မြန်မာနိုင်ငံသို့ မိမိရောက်ရှိသည်မှာ ဆယ်ကြိမ်ရှိပြီဖြစ်ပါကြောင်း၊ ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်စစ်သည် နှစ်သိန်းခန့် မြန်မာနိုင်ငံ၌ ကျဆုံးခဲ့ပါကြောင်း၊ ယင်းတို့ထဲမှ အသက်ရှင်လျက် ကျန်ရှိနေသည့် ဂျပန်စစ်သည်များကို မြန်မာပြည်သူများက စားနပ်ရိက္ခာနှင့် ဆေးဝါးများပံ့ပိုးပြီး ကာကွယ်စောင့်ရှောက်ပေးခဲ့သည့်အတွက် မြန်မာပြည်သူများအား အမြဲအမှတ်တရ ကျေးဇူးတင်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများတွင်လည်း ယခုထက် ပိုမိုဆောင်ရွက်ပေးလိုပါကြောင်း၊ မြန်မာနိုင်ငံ၏ ချစ်ခင်အတုယူဖွယ်ကောင်းသည့် ယဉ်ကျေးမှုအစဉ်အလာများကိုလည်း နိုင်ငံတကာမှ လေးစားရအောင် ဆက်လက်ထိန်းသိမ်းရန် အကြံပြုလိုပါကြောင်း၊ မြန်မာနိုင်ငံ၌ ကျန်းမာရေးစောင့်ရှောက်မှုသည် အရေးကြီးသည့် ကဏ္ဍဟု ယူဆပါကြောင်း၊ ယင်းကိုလည်း ကူညီပေးလိုပါကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့သည်။

**(သတင်းစဉ်)**



# ပါရီမြို့တွင် ကင်းလှည့်နေသည့် ပြင်သစ်စစ်သားတစ်ဦး ဓားထိုးခံရ

ပါရီ မေ ၂၆

အကြမ်းဖက်နှိမ်နင်းရေးတာဝန် ထမ်းဆောင်နေသော ပြင်သစ်စစ်သားတစ်ဦး၏လည်ပင်းအား ဓားထိုးမှုတစ်ရပ် မေ ၂၅ ရက်တွင် ဖြစ်ပွားခဲ့ကြောင်း၊ ယင်းဖြစ်ရပ်သည် ယခုရက်သတ္တပတ်အတွင်း ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင် ဖြစ်ပွားခဲ့သည့် စစ်မှုထမ်းများအား လူမဆန်စွာသတ်ဖြတ်မှုနှင့် ဆက်နွယ်ဖွယ်ရှိကြောင်း ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်းက ပြောကြားကြောင်း ယနေ့ အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။



ရဲတပ်ဖွဲ့များနှင့် ကျွမ်းကျင်သူများ အခင်းဖြစ်ပွားနေရာ၌ စစ်ဆေးမှုများ ပြုလုပ်နေကြစဉ်။

အသက် ၂၃နှစ်အရွယ် ပြင်သစ်စစ်သားကို ဓားဖြင့်ထိုးသူသည် အခင်းဖြစ်နေရာမှ ထွက်ပြေးသွားခဲ့ပြီး ယင်းဖြစ်ရပ်သည် မေ ၂၅ရက် မွန်းလွဲပိုင်းတွင် ကာဒီဖန့်အမည်ရှိ စီးပွားရေးဆိုင်ရာ ရပ်ကွက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဓားဖြင့် အထိုးခံရသူ ပြင်သစ်စစ်သားမှာ စစ်ဝတ်စုံအပြည့်ဝတ်ဆင်ထားပြီး လက်နက်ကိုင်ထားသူဖြစ်ကြောင်း၊ ပြင်သစ်စစ်တပ်၌ အကြမ်းဖက်နှိမ်နင်းရေးအစီအစဉ်အရ ကင်းလှည့်ခရီးသည်များ ထူထပ်ရာနေရာ၊ စီးပွားရေးလုပ်ငန်းများနှင့် ပို့ဆောင်ရေးဌာနများရှိရာ မြို့တော်တစ်ခွင်တွင် ဖြန့်ကြက်လှုပ်ရှားနေသည့်တပ်ဖွဲ့မှ ဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။ **အေအက်ဖ်ပီ။**



# တရုတ်သမ္မတသို့ မြောက်ကိုရီးယား သံတမန်စာ တစ်စောင်ပေးအပ်

ပေကျင်း မေ ၂၆

မြောက်ကိုရီးယား ထိပ်တန်းသံတမန်တစ်ဦးသည် ခေါင်းဆောင်ကင်ဂျုံအန်ထံမှ စာတစ်စောင်ကို တရုတ်သမ္မတ ရှီကျင့်ဖျင်ထံသို့ ပေးအပ်ပြီး ပြိုယမ်းသည် ရပ်တန့်နေသည့် နျူကလီးယားဖျက်သိမ်းရေး ဆွေးနွေးပွဲသို့ တက်ရောက်ရန် ပြင်ဆင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု စနေနေ့ အေပီသတင်းတွင် ဖော်ပြသည်။

ပြိုယမ်း၏ နျူကလီးယားအစီအစဉ် တိုးတက်ရန် ဆောင်ရွက်ခြင်းနှင့် မကြာသေးမီက ဆက်ဆံရေးအေးစက်စက် ဖြစ်နေခြင်းတို့က ပေကျင်းကို စိတ်ဆိုးစေပြီးနောက် မြောက်ကိုရီးယား ဒုတိယဗိုလ်ချုပ်ကြီး ချွယောင်ဟေး၏ သုံးရက်ကြာ အလည်အပတ်ခရီးစဉ်သည် နှစ်နိုင်ငံဆက်ဆံရေး ယိုယွင်းလာခြင်းကို တိုးတက်ကောင်းမွန်ရန် ရည်ရွယ်ခြင်းဖြစ်သည်ဟု ရှုမြင်ရသည်။

ချွသည် သောကြာနေ့ နှောင်းပိုင်း၌ မြောက်ကိုရီးယားသို့ ပြန်လည်ထွက်ခွာသွားခဲ့သည်။

ချွသည် ရှီနှင့် ပေကျင်းမြို့လယ်ရှိ ပြည်သူ့မဟာခန်းမ၌ တွေ့ဆုံ၍ ကင်၏ လက်ရေးစာတစ်စောင်ကို ရှီ၏လက်ဝယ်သို့ အပ်နှင်းခဲ့သည်ဟု အစိုးရသတင်းဌာန တရုတ်ချူးဆားဗစ်က ပြောသည်။

စာ၌ရေးသားထားသော အကြောင်းအရာများကိုမူ အသေးစိတ်ပြောကြားခြင်း မပြုပေ။ **အေပီ။**

## တက္ကဆက်ပြည်နယ်တွင် မိုးသည်းထန်ပြီး ရေလွှမ်းမိုး၍ လူနှစ်ဦးသေဆုံး

ဟူစတန် မေ ၂၆

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် ဆန်အန်တိုနီယိုမြို့တွင် မေ ၂၅ရက်က မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်း၍ ရေလွှမ်းမိုးမှုကြောင့် လူနှစ်ဦးသေဆုံးကာ ၂၀၀ကျော်ခန့်မှာ နေအိမ်များနှင့် မော်တော်ယာဉ်များပေါ်တွင် သောင်တင်နေရကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

ရေလွှမ်းမိုးမှုကြောင့် ပထမဆုံး သေဆုံးရသူမှာ အသက် ၃၀အရွယ် အမျိုးသမီးတစ်ဦးဖြစ်ပြီး ဒုတိယမြောက် သေဆုံးသူမှာ အသက် ၆၀ ကျော်အရွယ် အမျိုးသမီးကြီးတစ်ဦးဖြစ်ကာ ၎င်းအား ကားအတွင်းသေဆုံးနေသည်ကို တွေ့ရသည်ဟု သတင်းတွင် ဖော်ပြသည်။ **အေပီ။**

## လက်ဘနွန်နိုင်ငံမြို့တော်တွင် ဒုံးကျည်နှစ်စင်း ပစ်ခတ်ခံရ

ဘေရွတ် မေ ၂၆

လက်ဘနွန်နိုင်ငံ မြို့တော်ဘေရွတ်ရှိ ဇက်ရတ်ချ်အရပ်တွင် ဒုံးကျည်နှစ်စင်း ကျရောက်ပေါက်ကွဲမှုဖြစ်ပွားကြောင်း ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

မေ ၂၆ ရက်က အဆိုပါ ဖြစ်ရပ်ဖြစ်ပွားကြောင်း၊ ဖြစ်စဉ်ကြောင့် လူအချို့ဒဏ်ရာရရှိခြင်း၊ ကားအချို့နှင့် အိမ်အချို့ ပျက်စီးမှုဖြစ်ပွားခြင်းများဖြစ်ပေါ်ကြောင်း လက်ဘနွန်နိုင်ငံ လုံခြုံရေး တာဝန်ရှိသူများက ပြောကြားသည်။

ပစ်ခတ်သော ဒုံးကျည်အမျိုးအစားမှာ ၁၀၇ မမ အမျိုးအစားဖြစ်ကြောင်း၊ ယင်းတိုက်ခိုက်မှုသည် မည်သူတို့တွင် တာဝန်ရှိသည်ကို ယခုအချိန်အထိ မသိရသေးကြောင်း သတင်းတွင် ဖော်ပြသည်။

ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခံရသောနေရာသို့ လက်ဘနွန်အိမ်စောင့်အစိုးရအဖွဲ့ ပြည်ထဲရေးဝန်ကြီး မာဝမ်ချာဘယ်လ် ရောက်ရှိလာပြီး ယင်းတိုက်ခိုက်မှုသည် အဖျက်အမှောင့်လုပ်ရပ်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါဒုံးကျည်များသည် အလွန်ဝေးလံသောနေရာမှ ပစ်ခတ်လိုက်ခြင်းဖြစ်ကြောင်း တာဝန်ရှိသူကပြောကြားသည်။ **ဆင်ဟွာ။**

## အောလ်နီပွန်လေကြောင်းလိုင်းမှ ဘိုးရင်း – ၇၈၇လေယာဉ်ပျံသန်းမှု ပြန်လည်စတင်

တိုကျို မေ ၂၆

ဂျပန်နိုင်ငံ အောလ်နီပွန်လေကြောင်းလိုင်းမှ လုံခြုံစိတ်ချရမှုဆိုင်ရာ ဘေးအန္တရာယ်များကြောင့် မြေပြင်တွင် ရပ်နားထားသည့် ဘိုးရင်း-၇၈၇ အမျိုးအစား ခရီးသည်တင်လေယာဉ်များ ပျံသန်းမှုကို မေ ၂၆ရက်တွင် ပြန်လည်စတင်လိုက်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

ဂျပန်နိုင်ငံမြောက်ပိုင်း ဆာယိုရိုမြို့မှပျံသန်းလာသော ဘိုးရင်း-၇၈၇လေယာဉ်သည် တိုကျိုမြို့ ဟာနေဒါလေဆိပ်သို့ ယနေ့ညနေပိုင်းတွင် ဆင်းသက်ခဲ့ပြီး ယင်းမှာ ခရီးတိုပျံသန်းမှုလည်းဖြစ်သည်။

အခြားလေကြောင်းလိုင်းများရှိ ယင်းလေယာဉ်အမျိုးအစားများမှာလည်း ပြန်လည်ပျံသန်းမှုပြုရန် အဆင်သင့်ရှိနေပြီး အောလ်နီပွန်လေကြောင်းလိုင်းမှာ ဘိုးရင်း-၇၈၇ အမျိုးအစားလေယာဉ် အများဆုံးပိုင်ဆိုင်ထားပြီး စင်းရေ ၁၇စင်းခန့်ရှိနေသည်။

ယခုနှစ် ဇန်နဝါရီလအတွင်းက အောလ်နီပွန်လေကြောင်းလိုင်းမှ ဘိုးရင်း-၇၈၇ လေယာဉ်တစ်စင်းတွင် ဘက်ထရီ အပူချိန်မြင့်တက်မှု ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ယင်းလေကြောင်းပိုင် အဆိုပါလေယာဉ်အမျိုးအစားများအား ပျံသန်းမှု ရပ်ဆိုင်းထားခဲ့ခြင်းဖြစ်သည်။ **အေပီ။**

## ဖိလစ်ပိုင်အစိုးရတပ်ဖွဲ့နှင့်အဘူဆေယက်ဖ်အုပ်စုတိုက်ခိုက် ၁၂ ဦးထက်မနည်းသေဆုံးပြီး အများအပြားဒဏ်ရာရ

မနီလာ မေ ၂၆

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် မေ ၂၅ ရက်က ဖိလစ်ပိုင်အစိုးရကမ်းတက်တပ်ဖွဲ့ဝင်များနှင့် အဘူဆေယက်ဖ်လက်နက်ကိုင်အုပ်စု၏ တပ်ဖွဲ့ဝင်များ တိုက်ခိုက်မှုဖြစ်ပွားရာ ကမ်းတက်တပ်ဖွဲ့ဝင်ငါးဦးနှင့် စစ်သွေးကြွငါးဦးတို့ သေဆုံးကြောင်း ဖိလစ်ပိုင်စစ်ဘက်က ပြောကြားသည်။

တိုက်ခိုက်မှုတွင် ဖိလစ်ပိုင်အစိုးရကမ်းတက်တပ်ဖွဲ့ဝင်ကိုးဦးနှင့် အဘူဆေယက်ဖ် လက်နက်ကိုင်အဖွဲ့မှအဖွဲ့ဝင်လည်းထိခိုက်ဒဏ်ရာရရှိကြောင်း ဖိလစ်ပိုင်တပ်ဖွဲ့မှ ဒေသဆိုင်ရာတပ်မှူးတစ်ဦးက ပြောကြားသည်။ အဘူဆေယက်ဖ်အဖွဲ့ဟုအမည်ရှိသည့် အစ္စလာမ့်စစ်သွေးကြွလက်နက်ကိုင်အဖွဲ့သည် မကြာသေးမီက ပြန်ပေးဆွဲမှုများပြုလုပ်ပြီး ပြန်ပေးရွေးငွေများတောင်းခံခဲ့သည်ဟုဆိုသည်။

ဖိလစ်ပိုင်ကမ်းတက်တပ်ဖွဲ့များက အဘူဆေယက်ဖ် လက်နက်ကိုင်အဖွဲ့ကို လိုက်လံရှာဖွေလျက်ရှိသည်။ ယင်းဒေသတွင် မကြာသေးမီက ဖြစ်ပွားခဲ့သော ပြန်ပေးဆွဲမှုများ၏ နောက်ကွယ်တွင် ၎င်းတို့ရှိနေမည်ဟု ယုံကြည်ရသည်။ **အေပီ။**



ကွန်မြူနစ်သူပုန်အဖွဲ့အား တိုက်ခိုက်ရန် ဖွဲ့စည်းထားသည့် ပြည်သူ့စစ်အဖွဲ့ဝင်များကို တွေ့ရစဉ်။

# အိန္ဒိယ၌ ကွန်မြူနစ်သူပုန်များ ချုံခိုတိုက်ခိုက် ၂၈ဦးထက် မနည်းသေဆုံး၊ ၂၄ဦးဒဏ်ရာရ

နယူးဒေလီ မေ ၂၆

အိန္ဒိယနိုင်ငံရှိ အာဏာရကွန်ဂရက်ပါတီ၏ ဒေသဆိုင်ရာခေါင်းဆောင်များနှင့် ၎င်းတို့အား ထောက်ခံသူများ လိုက်ပါလာသည့် မော်တော်ယာဉ်တန်းကို မော်ဝါဒီသူပုန်အဖွဲ့ဝင်များအဖြစ် ယူဆရသူ ၂၀၀ ခန့်က ချုံခိုကာ မိုင်းဗုံးခွဲတိုက်ခိုက်ခဲ့ပြီး သေနတ်ဖြင့်ပစ်ခတ်ခဲ့ရာ ၂၈ဦးထက်မနည်းသေဆုံးကာ ၂၄ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က မေ ၂၆ရက်တွင် ပြောကြားသည်။

မေ ၂၅ရက်က ချတ်တီဂတ်ပြည်နယ် မြို့တော်ရိုင်ပူတောင်ဘက် ၃၄၅ ကီလိုမီတာအကွာ ဆူခါမာဒေသ၌ ယင်း တိုက်ခိုက်မှုဖြစ်ပွားခဲ့သည်။

ကွန်ဂရက်ပါတီဝင်များ လိုက်ပါလာသော မော်တော်ယာဉ်တန်းက သစ်တောတွင်းတစ်နေရာကို ဖြတ်သန်းနေချိန်တွင် တိုက်ခိုက်ခံရကြောင်း၊ ပါတီလူထုစည်းဝေးပွဲအပြီး ပြည်နယ်မြို့တော် ရိုင်ပူသို့ ပြန်လည်ထွက်ခွာလာချိန်တွင် ပစ်ခတ်ခံရခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **အေပီ။**



# စာအုပ်စာပေဆိုသည်မှာ တိုင်းပြည်အတွက် တန်ဖိုးထားအပ်သည့် အမွေအနှစ်ပစ္စည်းတစ်မျိုးဖြစ်

**ရန်ကုန်　မေ　၂၆**

စာအုပ်စာပေဆိုသည်မှာ တိုင်းပြည်အတွက် တန်ဖိုးထားအပ်သည့် အမွေအနှစ် ပစ္စည်းတစ်မျိုးဖြစ်ကြောင်း၊ ပြည်သူလူထုတစ်ရပ်လုံးအတွက် လူမှုဘဝများစွာရှင်သန်ကြီးထွားလာစေရန်အတွက် မဖြစ်မနေသုံးစွဲရသည့် လက်သုံးကိရိယာတစ်ခုလည်း ဖြစ်ကြောင်း၊ လောကီအရေးသာမက လောကုတ္တရာအကျိုးအတွက် ပိဋကတ်တော်လာကျမ်းဂန်များ ထွန်းကားပြန့်ပွားစေခြင်းအကျိုး အထောက်အပံ့တစ်ခုလည်းဖြစ်ကြောင်း။

ဤကဲ့သို့ အမွေအနှစ်မျိုး၊ လက်သုံးကိရိယာမျိုး၊ အထောက်အပံ့ပစ္စည်းမျိုးကို နောင်မျိုးဆက်သစ်များ၏ လက်ထဲရောက်အောင်လုပ်ပေးရန် မိမိတို့အရွယ်ရောက်ပြီး လူ့အဖွဲ့အစည်းတစ်ရပ်လုံး၌ တာဝန်ရှိကြောင်း၊ ဤတာဝန်အရဆောင်ရွက်သည့်နေရာတွင် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း၏ စွမ်းပကားက ကြီးမားလှပါကြောင်းဖြင့် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဗဟိုပုံနှိပ်စက်ရုံခန်းမဆောင်၌ ကျင်းပသည့် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းစာကြည့်တိုက်များအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲတွင် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းနာယက ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ဂုဏ်ပြုအမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ယမန်နှစ်စာရင်းဇယားများအရ မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုနှုန်း ၂၆ ရာခိုင်နှုန်းရှိနေသော်လည်း စာတတ်မြောက်မှုနှုန်း ၉၅ ဒသမ ၀၈ ရာခိုင်နှုန်းရှိနေသည်မှာ အလွန်ကံကောင်းသည့် အချက်ဖြစ်ပါကြောင်း။

ဘုန်းတော်ကြီးကျောင်းများ၏ ပညာရေးစနစ်ကိုလည်း အထူးသဖြင့် ကျေးဇူးတင်ရမှာဖြစ်ကြောင်း၊ "နေ့တစ်နေ့မှာ လက်ရာမြောက်သည့် အနုပညာတစ်ရပ်ကို မခံစားဘဲ၊ ဂန္ထဝင်တေးကဗျာ တစ်ပုဒ်ကိုမငြီးဘဲ၊ စာအုပ်တစ်အုပ်၏ အစိတ်အပိုင်းတစ်ရပ်ကို မဖတ်ရှုဘဲ မကုန်လွန်စေသင့်" ဟုဂျာမန် တွေးခေါ်ရှင် ဂေတေး၏ အကြံပေးချက်ကို မိမိတို့ မျိုးဆက်သစ်လူငယ်လူလတ်များကသာ လက်ခံနိုင်ကြမည်ဆိုလျှင် မိမိတို့အရွယ်ရောက်ပြီးသူများ၏ ပေးဝေခြင်းများသည် ဆတက်ထမ်းပိုးအကျိုးများစေလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်အောင် ယခုကဲ့သို့ အလှူငွေများ၊ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့ကြသည့် စေတနာရှင်၊ အလှူရှင်များကိုလည်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးမောင်မောင်က မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖွင့်လှစ်ထားသည့် စာပေရေချမ်းစင်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက်ငွေကျပ် ၁၇၂၈၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က လက်ခံသည်။

ဆက်လက်၍ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်က မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖွင့်လှစ်ထားသော စာကြည့်တိုက်များ ရှင်သန်ခိုင်မာစေရေးအတွက် ငွေကျပ် ၇၈၇ သိန်းကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်အားလည်းကောင်း၊ မော်ဘီဆရာသိန်းစာကြည့်တိုက် ဆောက်လုပ်ရန်အတွက် ကနဦးမတည် ငွေကျပ် ၁၀ သိန်းကို စာကြည့်တိုက်ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေလင်း (မောင်ချိုဝေ)အား လည်းကောင်း ပေးအပ်လှူဒါန်းသည်။

ယင်းနောက် မော်ဘီဆရာသိန်း စာကြည့်တိုက် ဆောက်လုပ်ရန်အတွက် မေတ္တာသင်္ဂဟရုပ်ရှင်နှင့်ဂီတ အနုပညာရှင်များကိုယ်စား အကယ်ဒမီ ခန့်စည်သူက ငွေကျပ် ၁၀ သိန်း၊ ဂျာနယ်၊ စာအုပ်စာစောင် ၁၀၀၀ နှင့် ဦးသိန်းမြင့် (ဒါရိုက်တာ-စိမ်းလန်းရွှေမြေကုမ္ပဏီလီမိတက်)က ငွေကျပ် ၁၀ သိန်း၊ ဒေါက်တာဒေါ်စန်းစန်းရီ (ဥက္ကဋ္ဌ-ဥက္ကာသီရိ ကုမ္ပဏီလီမိတက်)၊ ဒေါက်တာဥက္ကာ (အုပ်ချုပ်မှုဒါရိုက်တာ - Snow Everest ကုမ္ပဏီလီမိတက်) ကိုယ်စားဒေါ်မြစပယ်နှင့် ဦးကျော်မိုး (စက်ရုံမှူး-အမှတ်(၂)သံမဏိစက်ရုံမြောင်းတကာ၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း) တို့က ငွေကျပ်ငါးသိန်းစီ၊ ဒေါ်သီရိထွေး (တော်ဝင်မိသားစု ကုမ္ပဏီက ငွေကျပ် ၁၀သိန်း၊ စာရေးဆရာဦးဝင်းထိန် (ဟိုတယ်/ခရီး) (ဥက္ကဋ္ဌ-Classic International Co.,Ltd)က ငွေကျပ်ငါးသိန်းနှင့် သုတ၊ ရသစာအုပ် ၅၀၊ အောင်သာစည်ချစ်မောင် နိုင်ငံ့ဂုဏ်ရည် ပထမဆင့်၊ မော်ကွန်းဝင် ပထမဆင့်က ငွေကျပ်သုံးသိန်းနှင့် သုတရသစာအုပ် ၁၀၀၊ ဦးတင်ကိုကို (အုပ်ချုပ်မှုဒါရိုက်တာ တော်ဝင်မြင့် မိုရ်ကုမ္ပဏီလီမိတက်)က ငွေကျပ်နှစ်သိန်း၊ ခတ်ပုံစိုင်းဘုန်းထူး မိသားစုက ငွေကျပ်နှစ်သိန်း၊ ဦးမျိုး (ကြောင်နှစ်ကောင်)က ဝတ္ထုနှင့် ရုပ်ပြမျိုးစုံအုပ် ၃၂၇၂၀၊ ဒေါက်တာတင်ထွန်းဦး (ဥက္ကဋ္ဌ-စွယ်စုံမီဒီယာဂရုပ်) က သုတ/ ရသ ၂၈၀နှင့် မဂ္ဂဇင်း၊ ဂျာနယ် အုပ် ၂၂၀၇၀တို့ အပါအဝင် အလှူရှင်များက ငွေနှင့် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် စာကြည့်တိုက်များ အကောင်အထည်ဖော်မှု မှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်က စာတတ်သူများ စာဖတ်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနက စာပေရေချမ်းစင်များကို တည်ပေးလျက်ရှိပါကြောင်း၊ ယင်းစာပေရေချမ်းစင်များမှာ အောင်မြင်မှုများရရှိနေပြီး မိမိတို့ဖောင်ဒေးရှင်းကလည်း လိုအပ်သည်များကို လှူဒါန်းလျက်ရှိပါကြောင်း၊ စာကြည့်တိုက်များအတွက် စေတနာထက်သန်စွာဖြင့် လှူဒါန်းသည်များကို ကျေးဇူးတင်ပါကြောင်း၊ ဆက်လက်လှူဒါန်းကြရန်လည်း ဆန္ဒပြုပါကြောင်းဖြင့်ပြောကြားသည်။

ယနေ့အခမ်းအနားတွင် အလှူရှင် စုစုပေါင်း ၆၆ ဦးက အလှူငွေကျပ် စုစုပေါင်း ၆၆၄၀၀၀၀နှင့် စာအုပ်၊ စာစောင်၊ မဂ္ဂဇင်းစုစုပေါင်း ၅၄၀၆၈၅ အုပ်တို့ကို လှူဒါန်းကြသည်။

**(သတင်းစဉ်)**



**မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းနာယက၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း စာကြည့်တိုက်များအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

# HAN Golf Classic Golf Tournament 2013 (ရန်ကုန်)ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပ



**ရန်ကုန်　မေ　၂၆**

HAN Golf Masters Pte., Ltd. က စီစဉ်ကျင်းပသော HAN Golf Classic Golf Tournament 2013 ရန်ကုန်ဂေါက်သီးရိုက်ပြိုင်ပွဲကို မေ ၂၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ Royal Mingalardon Golf & Country Club ၌ ကျင်းပသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ HAN Golf Masters Pte ., Ltd. မှ ဦးအောင်လှဟန်က ကျင်းအမှတ် (၄) တွင် ၉ ပေ ၅ လက်မဖြင့် Nearest to the Pin ဆုရရှိသော ဦးမင်းသိန်း၊ ကျင်းအမှတ်(၆)တွင် လေးပေဖြင့် Nearest to the Pin ဆုရရှိသော ဦးစိန်လွင်၊ ကျင်းအမှတ် (၁၂)တွင် လေးပေဖြင့် ဦးတင့်ဦး၊ ကျင်းအမှတ်(၁၆)တွင် ၁၂ ပေဖြင့် ကိုဝင်းသော်နှင့် ကျင်းအမှတ် (၇)တွင် ၂၇၂ ကိုက်ဖြင့် Longest Driveဆုရရှိသော ကိုကျော်ဇင်လတ်တို့အားလည်းကောင်း ဆုများကို ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်က Division (B) H' Cap (15-24) အတန်းတွင် ပဉ္စမဆုရရှိသော သိန်းတိုးအောင် အသားတင်ရိုက်ချက် ၇၁ ချက်၊ စတုတ္ထဆုရရှိသော ကျော်သူအောင် အသားတင်ရိုက်ချက် ၇၁ချက်၊ တတိယဆုရရှိသော နွေကိုကို အသားတင် ရိုက်ချက် ၇၁ချက်၊ ဒုတိယဆုရရှိသော အောင်စစ်သွေး အသားတင်ရိုက်ချက် ၇၁ ချက်၊ ပထမဆုရရှိသော တင်ထွဋ်ဦး အသားတင်ရိုက်ချက် ၇၀ တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းက Division (A) H' Cap (0-14)အတန်းပြိုင်ပွဲတွင် ပဉ္စမရရှိသော ဗိုလ်ချုပ်နေဝင်း(ငြိမ်း) အသားတင်ရိုက်ချက် ၇၁ ချက်၊ စတုတ္ထဆုရရှိသော ဦးလှရွှေ အသားတင်ရိုက်ချက် ၇၀၊ တတိယဆုရရှိသောကိုရှယ်လီ အသားတင်ရိုက်ချက် ၇၀ ချက်၊ ဒုတိယဆုရရှိသော သန်းထွန်းအောင် အသားတင်ရိုက်ချက် ၆၉ ချက်၊ ပထမရရှိသော ကျော်မျိုးဌေး အသားတင်ရိုက်ချက် ၆၉ ချက်တို့အား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)က တစ်ဦးချင်း အကျော့မဲ့ပြိုင်ပွဲတွင် ဒုတိယဆုရရှိသော ဗိုလ်မှူးကြီးစန်းအောင် စုစုပေါင်းရိုက်ချက် ၇၅ချက်နှင့် ပထမဆုရရှိသော မောင်မောင်ဦး စုစုပေါင်းရိုက်ချက် ၇၃ ချက်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

**(ကြေးမုံ)**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**






# ဒီးဒုတ်ဦးဘချို၏ မြန်မာဇာတ်ပွဲများ

**မြေနီသစ္စာ**

အဆိုအက ဟူသည်ကား လူတို့သည် မိမိတို့စိတ်အတွင်း၌ ဖြစ်ပေါ်လာသော စိတ်၏အခြေအနေကို ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း ဖော်ပြခြင်းတစ်မျိုးဖြစ်ပေရာ ကမ္ဘာပေါ်၌ လူစပေါ်လာကတည်းကပင် အဆိုနှင့် အကသည် ဖြစ်ပေါ်လာသည်ဟု ဆိုရပေမည်။

## အဆိုအက ဘယ်ကစ

လောကဓမ္မတာအားဖြင့် သားသည်မိခင်တို့သည် မိမိတို့၏ ရင်သွေးကလေးငယ်အား အို့၊ အို၊ အာ၊ အာဟူ၍ နှစ်သိမ့်စေမှုပင်လျှင် သီဆိုခြင်းတစ်မျိုးဖြစ်သည်။ ယဉ်ကျေးခြင်း၊ အောက်ဆုံးတန်းတွင်ရှိနေကြသော လူရိုင်းတို့ပင်လျှင် ပျော်ပွဲရွှင်ပွဲ ပြုလုပ်ရာတွင် ဝန်းဝိုင်း၍ ကခုန်သော ဓလေ့ရှိခဲ့ကြ၏။ ထို့ကြောင့် မြန်မာအက ငှက်ပျောပွဲနှင့် ပြောထဲကဟု ဆိုစေကာမူ ကမ္ဘာတို့မှာ နတ်ပွဲများမပေါ်မီ ပြောစသည်တို့ မပေါ်မီကပင် ရှိနေသည်ဟု ဆိုရပေမည်။

ယင်းသည် ဆရာကြီး ဒီးဒုတ်ဦးဘချို၏ မြန်မာဇာတ်ပွဲများအကြောင်း ပဏာမဖော်ပြချက်ဖြစ်သည်။

မြန်မာပွဲတို့တွင် ပွဲစလျှင်စချင်း နတ်ကတော်ထွက်လေ့ရှိသည်။ နတ်ကတော်အကကို ပရိသတ်တို့ ကြိုက်ကြသည်။ နတ်သီချင်းကလည်း မြူးသည်။ ဆွဲဆောင်သည်။ တေးသွားပင်တမင်ပျော်အောင် က၍ ကောင်းအောင် ရေးထားလေသလားဟု မှတ်ထင်ရသည်။ ယင်းသို့ဆိုလျှင် နတ်ကကို ဘာကြောင့် စစချင်း ပွဲခင်းမှာ ဦးဦးဖျားဖျားထားပါသနည်း။

နတ်ကို ပူဇော်သည့် သဘောလားဟု မေးစရာရှိ၏။ ပွဲခင်းတွင်အနှောင့်အယှက်မရှိအောင် နတ်ကို ချော့မော့နှစ်သိမ့်လေသည့် သဘောဟုလည်း အပြောအဆိုရှိသည်။ ယူဆကြသည်။

နတ်သီချင်းကို နားထောင်ကြည့်လျှင် ဤသဘောကို ညွှန်သည်။ တစ်ကြိမ်ရယ်မှ နှစ်ကြိမ်၊ သုံးကြိမ်ငယ်မှ ဦးတင် မြို့တော်ရှင်မင်းလျှင် ကန်တော့ပါ၏။ စုံလင်မှ မယွင်းပွဲစုံခင်း၍ တမင်မုန့်နှော၊ အုန်းငှက်ပျောနှင့် သဘောဖြူစင်၊ ကွန့်ပ်ကယ်တင် စည်ပင်သွန်းမည်တကား၊ (မ)ပါဘုရားဟု အသနားပယ်ခံ နန်းစံမယ့်ဘုရင် မြို့တော်ကို ပိုင်စိုးပါတဲ့၊ နတ်မျိုးညီကရှင်နန်းအောင်ကြီးရှင်၊ ဦးသုံးကြိမ်တင်မယ်လျှင် ကန်တော့ပါ၏၊ နတ်နန်းရယ်ကွန်းစင်က ကျေးဇူးရှင်ကျွန်တော်မျိုးကို ဘုရား တိုး-မပါ။

## အတူလေးရယ်တဲ့ ယုဉ်ကာပြိုင်

ယင်းသည် ပွဲဦးထွက် နတ်ကတော်အက သီဆိုကြသည့် နတ်သီချင်းပင်။ ထင်ရှားသော အကများအကြောင်းကိုလည်း ဆရာချိုသည် ဤသို့ဖော်ပြထား၏။

## အကတွေ

နတ်များ ပူဇော်ပသရာမှ နတ်ကဟူ၍ ဖြစ်ပေါ်လာခဲ့၏။ ရှေးခေတ်ကိုလှမ်း၍ကြည့်လျှင် အလှူအတန်း၌ ပြောများတီးသောအခါ အလှူ့အမနှင့်တကွ အလှူအထမြောက်ခြင်းကို ဝမ်းသာသူတို့သည် ထိုဝမ်းသာသော စိတ်အဖြစ်ကို ထကခြင်းဖြင့် ဖော်ပြ၏။ ဤက ပြောကဖြစ်လာ၏။ အိုးစည်ပေါ်လာသောအခါ အိုးစည်အကပေါ်လာရ၏။ ဒိုးပတ်ပေါ်လာသောအခါ ဒိုးပတ်အကရှိလာ၏။ ဗုံရှည်ကြီးများ ပေါ်လာသောအခါ ဗုံရှည်အကပေါ်လာရ၏။ သို့သော် ဇာတ်ကွက်ဇာတ်လမ်းမပါ၍ ဗလာအကတို့ဖြစ်ခဲ့ရ၏။ ထိုအကတို့ကို ထပ်မံချဲ့ထွင်ခြင်းအားဖြင့် ဗုံရှည်အကတွင် မင်းသား၊ မင်းသမီး အချေအတင် ပုံကြီးသံများဖြင့် ကပြခဲ့ကြ၏။

## မြန်မာဇာတ်အစ

ဆရာချိုက ရုပ်သေးဇာတ်သဘင် စပေါ်သည်ကို ဖော်ပြထားသည်။ ရတနာပုံခေတ်ကပင် အမြင့်သဘင်ခေါ် ရုပ်သေးတွန်းအားသည် သဘင်လေးမျိုးရှိသည့်အနက် အမြင့်သဘင်ခေါ်သည့် ရုပ်သေးမှာ အဆင့်အတန်းမြင့်လှသည်။ ရုပ်သေးနှင့် ဆိုင်းအဖွဲ့တွဲ၍ တီးသည့် သဘောအပြင် သဘင်သည်ကား မင်းသုံးနန်းသုံး တော်ဝင်သုံး အဆင့်အမြင့်ဆုံးပေ။

ပုံကြီးသံတို့နှင့် ကပြခြင်းမှ တစ်ဆင့်တက်၍ ပုံကြီးဇာတ်ထုပ်များတွင်သာ ကကြ၏။ ရုပ်သေးပေါ်ပြီးနောက် ဇာတ်ကွက်ဇာတ်လမ်းအစုံနှင့် ကပြသော မြန်မာမြေဝိုင်းဇာတ်များ ပေါ်လာခဲ့ရ၏။ ထိုမြေဝိုင်းဇာတ်များသည် ရုပ်သေးနှင့် နန်းတွင်းဇာတ်များကို အတုယူခြင်းမှ ဖြစ်ပေါ်လာခဲ့ကြပေသည်။

အလောင်းဘုရားသားတော် ဆင်ဖြူရှင်လက်ထက် ယိုးဒယားကို အောင်နိုင်သောအခါ ယိုးဒယားနန်းတွင်းဇာတ်တို၊ ပညာသည်အားလုံးနှင့်တကွ သိမ်းလာခဲ့၍ မြန်မာတို့နန်းတွင်း၌ ကပြစေသည်။ ယင်းနောက် နန်းတွင်း၌ ကပြရသော ရာမဇာတ်တော်ကြီးပေါ်လာသည်။

## ဖာရစီဇာတ်ကြီးများ

မြန်မာတို့ အမွေဆက်ခံလိုက်သော နန်းတွင်းဇာတ်တို့မှာ အိန္ဒိယမှ တိုက်ရိုက်မဟုတ်ဘဲ ယိုးဒယားဇင်းမယ်တို့က ယူခြင်းဖြစ်သည်။ ဇာတ်ရုံဖြင့်ကပြရုံသာမဟုတ်သေး၊ ဇာတ်စင်ပေါ်၌ပင် တောတောင်သရုပ်တူဖန်တီးပြနိုင်သည့် ဖာရစီဇာတ်ကြီးများ၊ ပြည်သို့ စတင်ရောက်ရှိလာသောအခါ မြန်မာမြေဝိုင်းဇာတ်များလည်း မြန်မာမြေဝိုင်းဘဝမှ ဇာတ်စင်ပေါ်တို့ ရောက်ကြသည်။ ပြည်ဖုံးကား ထီးကား၊ နန်းကား၊ တောကားတို့ကို တီထွင်ခဲ့ကြသည်။

## မြခြေကျင်းမငွေမြိုင်

မြန်မာဇာတ်သဘင်များအကြောင်းပြောလျှင် မြခြေကျင်းမငွေမြိုင် ဇာတ်သဘင်ကို ထည့်ပြောလိုပါသည်။ မန္တလေးမှာကြီးသော ကြည့်မြင်တိုင်သူ မင်းသမီး မငွေမြိုင်သည် ကြည့်ပျော်ရှုပျော်ရုပ်မျှသာရှိ၏။ သို့သော် မွေးရာကပါလာသည့် ပင်ကိုကြာရှိသည်။ ထိုမျှမက ဤကြာနှင့် မငွေမြိုင်၏ခရာပုံကလည်း ယောကျ်ားတွေစွဲကြလေသည်။

မငွေမြိုင်သည် ဇာတ်သဘင်ပညာ ပြည့်ဝသူဖြစ်သည်။ အက၊ အဆိုကောင်းသူ၊ ဇာတ်စီးခေါင်းဆောင်တော်သူ၊ ဇာတ်စီး ဇာတ်ခေါင်းဆောင်မင်းသမီးကြီးဖြစ်သည်။ အမူအရာတွင်သူမတူအောင်ကောင်းသည်။ ပွဲကြည့်ယောကျ်ားတို့က အရူးအမူးစွဲလမ်းကြသည်။

## ရွှေကျီးညို

မငွေမြိုင်ဆိုသော ရွှေကျီးညိုသီချင်းကို ကျောင်းသားတွေ သိပ်ကြိုက်ကြ၍ အလိုက်တူ၊ အဓိပ္ပာယ်တူဖြင့် အင်္ဂလိပ်လိုသီဆိုကြသည်။ ဤသို့ဖြစ်စေ "ဒီကနေ့ညဖြင့် လာမတဲ့ဆို ယုံရမှာလားအစ်ကို၊ ကျွန်မနဲ့ နီးတဲ့ ရွှေကျီးညို၊ ရွှေကျီးညို၊ ရွှေကျီးညို၊ To-night coming you said so, May I believe AKU...Never the blessed golden crow, golden crow, golden crow.

***(ဝန်ခံချက်။ ။ဆရာကြီး ဒီးဒုတ်ဦးဘချို၏ မြန်မာဇာတ်ပွဲများကို ပိုမိုစိုပြည်စေရန် လူထုဒေါ်အမာ၏ ပြည်သူချစ်သော အနုပညာသည်များထဲက မြခြေကျင်း မငွေမြိုင်အခန်းကို သင့်တင့်လျောက်ပတ်စွာ ရယူထည့်သွင်းသည်။)***

# ပန်းဆိုးတန်းသင်္ဘောဆိပ် အတက်/အဆင်းမှ စည်းကမ်းမဲ့လုပ်ဆောင်မှု ခရီးသွားများအတွက် အခက်အခဲဖြစ်နေ

**ရန်ကုန် မေ ၂၆**

ရန်ကုန်မြို့နှင့် ဒလမြို့အားကူးလူးဆက်သွယ်ပေးနေသည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ကူးတို့သင်္ဘောများဆိုက်ကပ်ရာ ပန်းဆိုးတန်းလက်မှတ်ရုံနှင့် ကုန်ချပေါက်မှ တာဝန်ကျသူများ၏ ဆောင်ရွက်ပြုမူပုံများသည် ခရီးသွားပြည်သူများအတွက် အနှောင့်အယှက်များဖြစ်ပေါ်လျက်ရှိကြောင်း ခရီးသွားများက ပြောဆိုလျက်ရှိသည်။

ပန်းဆိုးတန်း-ဒလကူးတို့သင်္ဘောနှင့် စီးနင်းလိုက်ပါသူများ တွေ့ကြုံရသည့် အခက်အခဲများမှာ ပန်းဆိုးတန်းသင်္ဘောအတက်/အဆင်းတွင် အဆင်း၌ ခရီးသည်များအား ဝင်ခွင့်မပြုဘဲ လက်မှတ်ရုံပေါက်မှဝင်စေ၍ အဆင်းတွင် ကုန်ပစ္စည်းပါသော ခရီးသည်များသာ ဆင်းခွင့်ပြုသော်လည်း လိုရင်လိုသလို ဆင်းခွင့်ပြုပြီး မလိုလျှင် တံခါးဆွဲပိတ်၍ ပြုမူမှုများက ခရီးသွားများအတွက် စိတ်အနှောင့်အယှက်ဖြစ်စရာဟု ခရီးသွားများထံမှ သိရသည်။

တစ်ဖန် လက်မှတ်ရုံပေါက်မှ ဝင်ရာတွင် ဝင်ပေါက်အားသံဆန်ခါနှင့် ဝိုင်းကာ၍ ခရီးသည်များမလွတ်မကင်း ဝင်ရောက်နေရမှုကြောင့် ခရီးသည်များ စိတ်အနှောင့်အယှက်ဖြစ်ရပြီး မေ ၂၀ ရက် ညနေ ၃ နာရီခွဲခန့်က ခရီးသည်ဝင်ပေါက်အား သော့ခတ်ထားပြီး အတက်ခရီးသည်များရှင်း၍ သော့ဖွင့်ရာ အချိန်အတော်ကြာ သော့ဖွင့်၍မရဖြစ်ခဲ့ပြီး ဝန်ထမ်းများ၏ ပေါ့ဆမှုက ပြည်သူအထင်သေးစရာ ဖြစ်ခဲ့ရသည်။ **(အပေါ်ယာပုံ)**

ထို့ထက်ဆိုးသည်က သင်္ဘောပေါ်မှ ခရီးသည်များ ဆင်းရာတွင် တစ်ခါ တစ်ရံအဆင်းခရီးသည်များဆင်းနေဆဲတွင် သင်္ဘောကြိုးချည်ဝန်ထမ်းများသည် ခရာကိုတရှိုရှိုမှုတ်ကြခြင်းပင်၊ ခရာမှုတ်၍ အလုအယက်တိုးဝှေ့ပြေးလွှားဆင်းရမှုကြောင့် သက်ကြီးရွယ်အိုခရီးသည်များ၊ နာမကျန်းခရီးသည်များ၊ ကလေးသူငယ်များနှင့် ရဟန်းသံဃာတော်များအတွက် စိတ်ပျက်စရာတစ်ခုဖြစ်သည်။

သင်္ဘောဆိုက်ကပ်/ထွက်ခွာမှုအား သတ်မှတ်ချိန်အတွင်း ဆောင်ရွက်ရသည်ကို ခရီးသွားများသိရှိကြသော်လည်း အတက်/အဆင်း ဗောတံတား တစ်ခုတည်းရှိနေခြင်းက သတ်မှတ် ထွက်/ခွာ ဆိုက်ကပ်ချိန်များ လျော့ပါးမှုရှိ၍ ချိန်ဆဆောင်ရွက်သင့်ပေသည်။

**(မင်းရဲမာန်-နေပြည်တော်)**



# နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုစာရင်းထုတ်ပေး

**ရန်ကုန် မေ ၂၆**

မိုးပွင့်စီမံချက်အဆင့်-၅ အရ ပန်းဘဲတန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းထုတ်ပေးခြင်းကို မေ ၂၅ ရက်က အမှတ်(၇) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ရပ်ကွက်နေပြည်သူများအား ပြုလုပ်ပေးခဲ့သည်။

ပန်းဘဲတန်းမြို့နယ် မိုးပွင့်အဆင့်(၅)ကွင်းဆင်းဆောင်ရွက်ရာသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်း၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းကိုလှ၊ ရန်ကုန်အနောက်ပိုင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလွင်၊ ပန်းဘဲတန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်အောင်ဌေးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ လာရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် လဝက)**







# မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီးခန့်အပ်ရန် သဘောတူ

နေပြည်တော် မေ ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဗြိတိန်နိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီး မစ္စတာ အင်န်ဒရူးရစ်ချဒ်ပေါန်၏ နေရာတွင် မစ္စတာ အင်န်ဒရူးပက်ထရစ်အား ခန့်အပ်ရန် အဆိုပြုလာခြင်းကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ အင်န်ဒရူးပက်ထရစ်သည် ၁၉၈၉ ခုနှစ်တွင် ဗြိတိန်နိုင်ငံ နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာရုံးတွင် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး နီကိုစီယာ၊ ဘရပ်ဆဲလ်၊ ပရီတိုးရီးယားနှင့် ကဘူးလ်မြို့များရှိ ဗြိတိန်သံရုံး၊ အဖွဲ့ရုံးများနှင့် ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာရုံးတို့၌ ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ မစ္စတာ အင်န်ဒရူးပက်ထရစ်သည် ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာရုံး တောင်အာရှဌာနတွင် တွဲဖက်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ (သတင်းစဉ်)

# အိုလံပစ်နေ့အထိမ်းအမှတ် ရေကူးပြိုင်ပွဲကျင်းပမည်

ရန်ကုန် မေ ၂၆

အိုလံပစ်နေ့အထိမ်းအမှတ်ရေကူးပြိုင်ပွဲကို ဇွန် ၂၂ ရက် နံနက် ၉ နာရီနှင့် မွန်းလွဲ ၁ နာရီမှစ၍ လည်းကောင်း ဇွန် ၂၃ ရက်နေ့တွင် မွန်းလွဲ ၁ နာရီမှစ၍ အမျိုးသား အမျိုးသမီး အလွတ်ကူး မီတာ ၁၅၀၀၊ ၈၀၀၊ ၄၀၀၊ ၂၀၀၊ ၁၀၀၊ ၅၀၊ လိပ်ပြာကူးမီတာ ၂၀၀၊ ၁၀၀၊ ၅၀၊ ပက်လက်ကူး မီတာ ၂၀၀၊ ၁၀၀၊ ၅၀၊ ရင်ပေါင်တန်းကူး မီတာ ၂၀၀၊ ၁၀၀၊ ၅၀ နှင့်တစ်ဦးချင်း လေးမျိုးကူး မီတာ ၄၀၀၊ ၂၀၀ ပြိုင်ပွဲများကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲဝင်မည့် အားကစားသမားများသည် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန် အုပ်ချုပ်ရေးမှူးရုံး ဖုန်း-၀၁-၃၇၈၅၅၀ သို့ ဇွန် ၁၀ ရက်နေ့နောက်ဆုံးထား၍ စာရင်းပေးသွင်းရမည်ဖြစ်သည်။ (ကြေးမုံ)

# တာချီလိတ်တွင် ၁၀ ဘီးယာဉ် မီးလောင်မှုဖြစ်ပွား

တာချီလိတ် မေ ၂၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် တာချီလိတ် အရှေ့တောင်ရပ် ဖတ်ဟိ(အထက်ရွာ)တွင် မေ ၂၆ ရက် မွန်းလွဲ ၃ နာရီ ၁၀ မိနစ်တွင် ခမ မပည (NC 843594) တွင် NISSAN DIESEL TURBO ၁၀ ဘီးယာဉ် မီးလောင်ကျွမ်းမှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ တာချီလိတ်မှ နားယောင်းအပေါ်ရွာသို့ NISSAN DIESEL TURBO ၁၀ ဘီးယာဉ် ပိုင်ရှင် ဦးသန်းညွန့် တာချီလိတ် စက်မှုဇုန်ရပ်၊ ယာဉ်အမှတ်(၃ခ/-----) ယာဉ်မောင်း ဦးတရုတ်၊ ယာဉ်နောက်လိုက် ဦးလေးတို့ မောင်းနှင်လာစဉ် ယာဉ်ပေါ်တွင် သုံးလက်မ ပိုက်ခွေ အမည်းခွေ ၂၀ တင်ဆောင်လာသော ပိုက်များမှာ နေပူရှိန်ဖြင့် ပွတ်တိုက်၍ မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အခင်းဖြစ်ပွားသည့် နေရာတွင် ယာဉ်မောင်းဦးတရုတ်သည် မီးလောင်နေသည်ကိုတွေ့ရှိရ၍ အနောက်ဘက်ကိုက် ၁၀၀ အကွာ လျှိုစောင်းသို့ နောက်ဆုတ်၍ ရေပိုက်များအောက်သို့ဖြုတ်ချရန် ကြိုးစားသော်လည်း ပိုက်များမှာ မီးအပူရှိန်ကြောင့်အရည်ပျော်ကာ ဆက်၍မီးလောင်သွားခဲ့ပြီး ယာဉ်ပေါ်ပါရှိသည့် ပစ္စည်းတန်ဖိုးကျပ်သိန်း ၂၀၀ ခန့် ဆုံးရှုံးမှုရှိပြီး ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့မှာ ထိခိုက်ဒဏ်ရရှိမှုမရှိကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

# စက်တပ်သမ္ဗန် တိမ်းမှောက်မှုဖြစ်ပွား

ရန်ကုန် မေ ၂၆

ရန်ကုန် အနောက်ပိုင်းခရိုင်၊ အလုံမြို့နယ် မေဒေးသမ္ဗန်ဆိပ်ကမ်းမှ ဆိပ်ကြီးခနောင်တိုမြို့နယ် ဂျင်ဝိုင်းလေးကျေးရွာသို့ ခရီးသည် အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး တစ်ဦး တင်ဆောင်ပြီး ကိုမိုးလွင် မောင်းနှင်သော အမှတ် ခ-၀ ၁၀ မေတ္တာနိုင် စက်တပ် သမ္ဗန်မှာ မေ ၂၅ ရက်ည ၈ နာရီ၅၅ မိနစ်ခန့်တွင် ရေလယ်အရောက် စက်ချွတ်ယွင်းပြီး ရေစီးဖြင့်မျောကာ ရေလယ်ပွိုင့်တွင် ဆိုက်ကပ်ထားသော စီဘီသင်္ဘောနှစ်စင်းကြား ရောက်သွားပြီး တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ အနီးရှိ ဦးမြင့်ဇင် ဂျောင်ဝိုင်းကြီး၊ ဂျောင်ဝိုင်းလေးခရီးသည်တင် သမ္ဗန်များမှ ဝိုင်းဝန်းဆယ်ယူမှုကြောင့် ခရီးသည်များ ကယ်တင်နိုင်ခဲ့ပြီး မောင်ချစ်ရင်ထူး(သုံးနှစ်)၊ ဂျောင်ဝိုင်းလေးကျေးရွာနေသူမှာ ပျောက်ဆုံးနေကြောင်း သိရသည်။

အခင်းဖြစ်ပွားရာသို့ အလုံမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်၊ သစ်တောရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအောင်စိုးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ တာဝန်ရှိသူများ ရောက်ရှိလာပြီး လိုအပ်သော ကူညီဆောင်ရွက်မှုများပေးကာ စက်တပ်သမ္ဗန်မောင်း ကိုမိုးလွင်အား ဆိပ်ကမ်းရဲစခန်းမှ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။ (တင်မောင်ဦး-အလုံ)







# ❀ သတ္တ သတ္တာဟ လမ်းမနိဗ္ဗာန်သို့ ❀

❀ မဇ္ဈိမဒေသ
ဗုဒ္ဓဂယာ၊ မြေမဟာတွင်
သစ္စာလေးဆူ၊ ပွင့်တော်မူသည့်
သုံးလူထွတ်ထား၊ ဗုဒ္ဓဘုရား၏
စံစားတော်မူရာ-
"သတ္တဌာန၊ သတ္တာဟ"သို့
ဥဒယရံသီ၊ ကုန်းမြေညီက
"ညီတူထပ်မျှ၊ သတ္တာဟ"နှင့်
"မဟာဗောဓိစေတီ၊ ရတနာ့ဂုဏ်ရည်"ကို
ကြည်ညိုကော်ရော်၊ ရှိပူဇော်သည်
မျှော်ရည်နိဗ္ဗာန်နန်းဆီသို့ ....။

❀ "ရွှေပလ္လင်္က သတ္တာဟ"မှ
ဗုဒ္ဓရှင်နှင့်၊ ဂုဏ်ရည်တင့်သည့်
စိမ်းရင့်ညိုလွင်၊ ဗောဓိပင်ကို
ရွှေစင်ရေကောင်း၊ ညောင်ရေလောင်း၍
သွန်းလောင်းခါတည့်
စိတ်အသိသည်-
ဗောဓိထံပါး၊ ဉာဏ်ဝင်စားသည့်
ဘုရားရှင်ကို ဖူးရသို့ ....။

❀ အပရာဇိတ၊ ပလ္လင်မနှင့်
မဟာဗောဓိ၊ တုမရှိကို
မျက်စိမမှိန်း၊ စိန်းစိန်းရှုကြည့်
"အနိမိသ သတ္တာဟ"တွင်
အဖ္ဗုတရသ၊ အံ့ခြင်းအမျှဖြင့်
ရင်ဝပြည့်လျှံခဲ့သည်သို့ ....။

❀ ခုနစ်ရက်ကြာမျှ
လူးလာတုံ့ခေါက်၊ စင်္ကြံလျှောက်ရာ
"ရတနာစင်္ကမ သတ္တာဟ"၏
ရွှန်းပလုတင့်၊ ဆယ့်ကိုးပွင့်ကြာ
ဦးခိုက်ပါသော်-
ခြေရာတော်များ၊ ဦးထိပ်ဖျား၌
ထင်းမှားရောင်ထွန်း၊ ပန်းကြာဝန်းဖြင့်
မော်ကွန်းတံဆိပ် နှိပ်ဘိသို့ ....။

❀ ပဋ္ဌာန်းဒေသနာ၊ ဆင်ခြင်ရာတည့်
"ရတနာဃရ သတ္တာဟ"ရှေ့
ဖူးတွေ့မိလျှင်
မျက်ဝန်းတွင်မူ-
ခြောက်ဆူရောင်ခြည်၊ ကွန့်မြူးသည်သို့
မှတ်ရည်ထင်မိ၊ မြတ်ပီတိဖြင့်
ဆီထိဂွမ်းတို့ အိသည်သို့ ....။

❀ ဆိတ်ကျောင်းသားတို့
နားခိုကြရာ၊ ညောင်ရိပ်သာတည့်
"အဇပါလ သတ္တာဟ"တွင်
ညောင်ညိုပင်ကို-
ရေစင်သွန်းခိုက်၊ နားစိုက်မိလျှင်
ဘုရားရှင်၏
ကြည်လင်ပြတ်သား၊ ဟောဖော်ကြားသည့်
မြတ်တရားသံ၊ ကြားမိဟန်တည့်
အောင်သံစည်ကြီး တီးသည်သို့ ....။

❀ အာကာထန်ပြင်း၊ နဂါးမင်း၏
ပါးပျဉ်းဖြန့်ကြက်၊ ခုနစ်ခွေထက်ဝယ်
မဂ်ဖိုလ်ချမ်းသာ၊ ခံစားပါသော
မြတ်ရှင်စောကို-
ရိုသေတုပ်ကွ၊ ဦးနှိမ်ချသည့်
"မုစလိန္ဒ သတ္တာဟ"တွင်မူ
သက်ရှိထင်ရှား၊ မြတ်ဘုရားကို
မှန်သားပေါ်တွင် မြင်မိလို့ ....။

❀ ဥက္ကလာပ၊ ဇနပဒမှ
တပုဿနှင့်၊ ဘလ္လိကညီနောင်
ဆံတော်ဆောင်ရာ
"ရာဇာယတန သတ္တာဟ"တွင်
လင်းလွန်းပင်ကို
ရေစင်ရေအေး၊ ရေသွန်းဆေးသော်
လေးဆူဓာတ်ပုံ၊ မြတ်ရွှေတိဂုံကို
ကြည်ညိုခဲ့ကြ
ဥက္ကလာပတည့်၊ မင်းမိဖုရား
မြန်ပြည်သားတို့
အားရရွှင်လန်း၊ ပီတိပန်းကို
မြန်းဆင်ရသည်သို့ ခံစားလို့ ....။

❀ မြတ်ဗုဒ္ဓ၏
သမီးလုနှင့် သားလုရတနာ
မြတ်စွာရှင်လူအပေါင်း၊ သူတော်ကောင်းတို့
ဗုဒ္ဓ ဓမ္မ၊ သံဃ သန္တ
ရသပီတိ၊ ရွှမ်းအိဝန်းစု
"ဥဒယရံသီ ကုန်းမြေညီ" မှ
"သတ္တ သတ္တာဟ သည့်ဌာန" သို့
သွားရောက် ဖူးမြော်ကြပါစို့။
တရားစခန်းတွင်၊ ဘာဝနာဉာဉ်ဖြင့်
ချည်ခင်ရှုပ်ထွေးရှင်းကြစို့။
သံသရာကိုဖြတ်၊ တစ်ခန်းရပ်လို့
မြတ်သောနိဗ္ဗာန်သို့ သွားကြစို့။ ။

ဆွေယင်းမာ (ရန်ကုန်တက္ကသိုလ်)

နေပြည်တော် ပုဗ္ဗသီရိမြို့ ဥဒယရံသီကုန်းတော်ပြင် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီးနှင့် သတ္တဌာနအား ဤလင်္ကာဖြင့် ပူဇော်ဦးခိုက်အပ်ပါသည်။

# မြန်မာ့လက်ရွေးစင် ဗိုဗီနမ်အသင်း ပြိုင်ပွဲယှဉ်ပြိုင်ရန် ထွက်ခွာ

ရန်ကုန် မေ ၂၆

ကမ္ဘောဒီးယားနိုင်ငံ Sein Ramp မြို့တွင် ကျင်းပမည့် ဒုတိယအကြိမ်မြောက် အရှေ့တောင်အာရှ ဗိုဗီနမ် ချန်ပီယံပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင် ဗိုဗီနမ်အသင်းသည် ယမန်နေ့ ညနေ ၄ နာရီ ၅၀ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာသွားရာ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် မြန်မာ့သိုင်းသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးအောင်ငွေးနှင့် တာဝန်ရှိသူများ လိုက်ပါပို့ဆောင်ကြသည်။ အသင်းတွင် အားကစားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးအောင် အဖွဲ့ခေါင်းဆောင်အဖြစ် လိုက်ပါပြီး အုပ်ချုပ်သူ နှစ်ဦး၊ နည်းပြ လေးဦး၊ အားကစားသမား ၃၅ ဦး စုစုပေါင်း ၄၄ ဦး လိုက်ပါသွားကြသည်။ ပြိုင်ပွဲကို မေ ၂၈ ရက်မှ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းအနေဖြင့် ပြိုင်ပွဲဝင် အင်အားအပြည့်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး မြန်မာ့လက်ရွေးစင် ဗိုဗီနမ်အသင်းအနေဖြင့် ပြည်တွင်း ပြည်ပပြိုင်ပွဲတွင် ပထမဦးဆုံးပြိုင်ပွဲဖြစ်သည်။ ဗိုဗီနမ်အားကစားနည်းမှာ ဗီယက်နမ်နိုင်ငံအားကစားနည်းဖြစ်ပြီး (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် အားကစားနည်းတစ်ခု ဖြစ်သည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ထည့်သွင်းကျင်းပနိုင်ရေးအတွက် ၂၀၁၂ ခုနှစ် မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌပြိုင်ပွဲမှ အလားအလာကောင်းပြီး ထူးချွန်သော မြန်မာ့သိုင်းအားကစားသမားများကို ရွေးချယ်ကာ စခန်းသွင်းလေ့ကျင့်ခဲ့ပြီး မတ် ၁၆ ရက်မှ ဧပြီ ၁၄ ရက်အထိ အင်အား ၅၂ ဦးပါဝင်သော ပဏာမ လက်ရွေးစင်အသင်းအနေဖြင့် ဗီယက်နမ်နိုင်ငံသို့ သွားရောက်ပူးတွဲလေ့ကျင့်ခဲ့ပြီးဖြစ်သည်။

(မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်)



## ☆ ရန်ကုန်မြို့တော်မှ

အသေးစား ငွေကြေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ရန်ကုန်မြို့တော် ဖွံ့ဖြိုးတိုးတက်ရေး မြို့ပြစီမံကိန်း ရေးဆွဲမှု၊ မြို့ပတ်ရထားလမ်း ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေး၊ ရန်ကုန်မြို့တွင်း ယာဉ်ကြောပိတ်ဆို့မှု ဖြေရှင်းရေးနှင့် ရေးဟောင်း အဆောက်အအုံများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ မြန်မာနိုင်ငံတွင် မော်တော်ကားစက်ရုံများ တည်ဆောက်ထုတ်လုပ်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဂျပန်နိုင်ငံ ဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပညာသင်ဆုပေးရေး စီမံချက်နှင့် ရန်ကုန်မြို့တော် ရေပေးဝေရေးစနစ် တိုးတက်မြှင့်တင်ရေး စီမံချက် စာချွန်လွှာကို ဒုတိယဝန်ကြီး ဒေါ်ခင်စန်းရီနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E.Mr. Mikio NUMATA တို့က လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးစီမံကိန်းသုံးရပ်အတွက် တရားဝင်ဖွံ့ဖြိုးမှုအကူအညီ ချေးငွေ ဂျပန်ယန်း ၅၁ ဒသမ ၀၅၂ ဘီလီယံအား ပေးအပ်ရေးအတွက် လဲလှယ်မှုစာချွန်လွှာ၊ ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့ ကြွေးလျှော်ပေးသည့် ၆၀ ရာခိုင်နှုန်းအနက် ကြွေးလျှော်ရန် ကျန်ရှိသည့် ဂျပန်ယန်း ၁၂ ဒသမ ၅ ဘီလီယံအား ကြွေးလျှော်ပေးရေး လဲလှယ်မှုစာချွန်လွှာနှင့် ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့ ကြွေးလျှော်ပေးသည့် ၆၀ ရာခိုင်နှုန်းအနက်ကြွေးလျှော်ရန် ကျန်ရှိသည့် နောက်ကျကြေး ဂျပန်ယန်း ၁၇၆ ဒသမ ၁ ဘီလီယံအား ကြွေးလျှော်ပေးရေးလဲလှယ်မှု စာချွန်လွှာတို့ကို ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်နှင့် ဂျပန်နိုင်ငံ သံအမတ်ကြီးတို့က လက်မှတ်ရေးထိုးကြသည်။

ထို့နောက် သတင်းမီဒီယာများနှင့် တွေ့ဆုံ၍**(အောက်ပုံ)** ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ မြန်မာနိုင်ငံခရီးစဉ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတက မိမိ၏ ဖိတ်ကြားချက်ဖြင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်နှင့် ဇနီးတို့သည် မြန်မာနိုင်ငံသို့ သုံးရက်ကြာ ချစ်ကြည်ရေးခရီး ရောက်ရှိနေခြင်းဖြစ်ပါကြောင်း၊ ဤခရီးစဉ်သည် ဂျပန်ဝန်ကြီးချုပ်တစ်ဦးအနေဖြင့် လွန်ခဲ့သော (၃၆)နှစ်တာ ကာလအတွင်း မြန်မာနိုင်ငံသို့ ပထမဆုံးလာရောက်သည့် တရားဝင်ချစ်ကြည်ရေးခရီးစဉ်ဖြစ်သည့်အတွက် နှစ်နိုင်ငံဆက်ဆံရေးပိုမိုခိုင်မာစေရန် အားသစ်လောင်းသည့် သမိုင်းဝင်ခရီးစဉ်တစ်ခုဖြစ်၍ မြန်မာအစိုးရနှင့် ပြည်သူများကိုယ်စား ဂုဏ်ယူဝမ်းမြောက်စွာ ကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့သည် ၁၉၅၄ ခုနှစ်ကစတင်ပြီး သံတမန်အဆက်အသွယ် ပြုလုပ်ခဲ့ပါကြောင်း၊ ယင်းအချိန်မတိုင်မီ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု ကာလကတည်းက မြန်မာ-ဂျပန်ဆက်ဆံရေးသည် ထူးခြားသည့်ဝိသေသများဖြင့် အခြေတည်ပြီး တိုးတက်ခိုင်မြဲလာခဲ့ခြင်း ဖြစ်ပါကြောင်း၊ အထူးသဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရသစ်ပေါ်ထွန်းလာပြီး နောက်ပိုင်းတွင် နှစ်နိုင်ငံဆက်ဆံရေးမှာ စာမျက်နှာသစ် ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း။

မြန်မာ့ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနှင့်စီးပွားရေး၊ လူမှုရေးပြုပြင်ပြောင်းလဲမှုဖြစ်စဉ်တွင် ဂျပန်အစိုးရနှင့် ပြည်သူများ၏ ထောက်ခံအားပေးမှုများကို မြန်မာအစိုးရနှင့် ပြည်သူများက အထူးကျေးဇူးတင်ရှိပါကြောင်း၊ မိမိအနေဖြင့် ၂၀၁၂ ခုနှစ် ဧပြီလတွင် ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့ပြီးနောက်ပိုင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများအနက် သီလဝါ အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မြန်မာ-ဂျပန်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း၊ ထို့ပြင် နှစ်နိုင်ငံ Consortium အဖွဲ့များ ဖွဲ့စည်းနိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံ၏စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံတွင် ပိုမိုရင်းနှီးမြှုပ်နှံလာစေရန် ရည်ရွယ်ပြီး Myanmar- Japan Joint Initiative တစ်ရပ် ဖွဲ့စည်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူညီချက်ကိုလည်း ဆောလျင်စွာ လက်မှတ်ရေးထိုးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ယနေ့တွေ့ဆုံရာတွင် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးက ဂျပန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးလုပ်ငန်းစဉ်များကို အခိုင်အမာ ဆက်လက်ထောက်ခံရပ်တည်သွားမည့် အကြောင်းကို အတည်ပြုပြောကြားခဲ့ပါကြောင်း။

ထို့အပြင် မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် အကူအညီ ပိုမိုပေးအပ်သွားမည်ဖြစ်ကြောင်း ထပ်လောင်းပြောကြားခဲ့သည့်အတွက် မြန်မာပြည်သူများကိုယ်စား များစွာကျေးဇူးတင်ရှိပါကြောင်း။

မိမိနှင့်ဝန်ကြီးချုပ် မစ္စတာ အာဘေးတို့သည် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရေးကိစ္စ၊ နှစ်ဖက်အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် ဒေသဆိုင်ရာနှင့် နိုင်ငံတကာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်နိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံတွင် ဂျပန်ကုမ္ပဏီကြီးများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများပိုမိုလုပ်ဆောင်သွားရေးအတွက် အခွင့်အလမ်းနှင့် အလားအလာများကိုလည်း ဆွေးနွေးခဲ့ကြပါကြောင်း၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်ရှိသည့် ကြွေးမြီများ ရှင်းလင်းရေးကို အကောင်အထည်ဖော်ခဲ့ပြီး ယန်းချေးငွေသစ်နှင့် ထောက်ပံ့ငွေများ ပေးအပ်ရန် ဂျပန်အစိုးရက ဆုံးဖြတ်ပေးခဲ့သည့်အတွက်လည်း ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဂျပန်နိုင်ငံဝန်ကြီးချုပ်က မြန်မာနိုင်ငံအစိုးရအနေဖြင့် ဒီမိုကရေစီဖော်ဆောင်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့်ပြုပြင်ပြောင်းလဲမှုများကို အားထုတ်ကြိုးပမ်းနေသည်ကို တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံ အစိုးရ၏ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဂျပန်အစိုးရကရော၊ ပုဂ္ဂလိက ကဏ္ဍကပါ ဝိုင်းဝန်း ကူညီပံ့ပိုးပေးရန် ဆန္ဒရှိပါကြောင်း၊ ယင်းသဘောထားကို ရှင်းလင်းပြောကြားနိုင်ရန်အတွက် ရည်ရွယ်၍ ယခုခရီးစဉ်ကို လာရောက်ခဲ့ခြင်းဖြစ်ပါကြောင်း။

ခရီးစဉ်တွင် မိမိနှင့်အတူ ကဏ္ဍပေါင်းစုံ စီးပွားရေးအဖွဲ့အစည်းပေါင်းစုံက အဖွဲ့ဝင်များပါရှိပါကြောင်း၊ မြန်မာအစိုးရ၏ ပြုပြင်ပြောင်းလဲရေး အားထုတ်မှုများကို ဂျပန်အစိုးရအနေဖြင့် ထပ်မံကူညီပေးမည်ဖြစ်ပါကြောင်း၊ နယ်စပ်ဒေသများ ဖွံ့ဖြိုးရေး၊ ပြည်သူတို့၏ လူမှုဘဝမြင့်မားရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး၊ တရားဥပဒေစိုးမိုးရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ ဆောက်လုပ်ရေး၊ လျှပ်စစ်စသည့် ကဏ္ဍများစွာတွင် ကျယ်ကျယ်ပြန့်ပြန့် ကူညီပံ့ပိုးသွားမည် ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်နိုင်ရန်အတွက် ယန်းငွေသန်း ၉၁၀၀၀ ဖြင့် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံ ဆက်ဆံရေးတွင်လည်း နိုင်ငံရေး၊ လုံခြုံရေး၊ ယဉ်ကျေးမှုအပါအဝင် အဘက်ဘက်မှ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သယံဇာတကြွယ်ဝသည့် မြန်မာနိုင်ငံနှင့် အတွေ့အကြုံနှင့် နည်းပညာကြွယ်ဝသည့် ဂျပန်နိုင်ငံတို့အနေဖြင့် အနာဂတ်တွင်လည်း ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။ **(သတင်းစဉ်)**



**လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပညာသင်ဆုပေးရေး စီမံချက်နှင့် ရန်ကုန်မြို့တော် ရေပေးဝေရေးစနစ် တိုးတက်မြှင့်တင်ရေးစီမံချက် စာချွန်လွှာကို ဒုတိယဝန်ကြီး ဒေါ်ခင်စန်းရီနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E.Mr. Mikio NUMATA တို့က လက်မှတ်ရေးထိုးကြစဉ်။** (သတင်းစဉ်)



## ❖ ကျောဖုံးမှ

နိုင်ငံတော်သမ္မတကလည်း ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသူများနှင့် ပြန်လည်မိတ်ဆက်ပေးသည်။

ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးသိန်းညွန့်၊ ဦးအေးမြင့်၊ ဒေါက်တာမြအေး၊ ဒေါက်တာကံဇော်၊ ဦးငွေးအောင်နှင့် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးခင်မောင်တင်တို့ တက်ရောက်ကြပြီး ဂျပန်နိုင်ငံဝန်ကြီးချုပ်နှင့် ဇနီးတို့နှင့်အတူ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E.Mr. Mikio NUMATAနှင့် အဆင့်မြင့်အရာရှိကြီးများတက်ရောက်ကြသည်။

ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားတွင် နိုင်ငံတော်သမ္မတနှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်တို့အား နေပြည်တော် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကင်းထောက်လူငယ်မောင်မယ်များ ကလည်း နှစ်နိုင်ငံ အလံငယ်များဝှေ့ယမ်းပြီး ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်တို့သည် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ခင်မင်ရင်းနှီးစွာ တွေ့ဆုံဆွေးနွေးကြသည်။**(ယာပုံ)**

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဆွေတော်ဝန်ကြီးချုပ်အနေဖြင့် (၃၆)နှစ်ကြာကာလအတွင်း မြန်မာနိုင်ငံသို့ ပထမဆုံးလာရောက်သည့် အစိုးရအဖွဲ့ အကြီးအကဲဖြစ်သည့် အပြင် အဖိုးဖြစ်သူရော၊ ဖခင်ဖြစ်သူပါ အစိုးရတာဝန်ဖြင့် မြန်မာနိုင်ငံသို့လာရောက်ခဲ့ဖူးသဖြင့် မျိုးဆက်သုံးဆက်တိုင်တိုင် မြန်မာနိုင်ငံအပေါ် ချစ်ခင်ရင်းနှီးစွာလာရောက် လည်ပတ်နိုင်ခဲ့သည့်အပေါ် လှိုက်လှဲစွာ ဂုဏ်ပြုကြိုဆိုပါကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ စတင်ချိန်ကပင် ကြိုဆိုထောက်ခံခဲ့ခြင်း အတွက် ကျေးဇူးတင်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် နှစ်နိုင်ငံခေါင်းဆောင်များသည် နိုင်ငံရေးနှင့်စီးပွားရေး ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဂျပန်စီးပွားရေး လုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံရေး၊ သီလဝါ အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရေးနှင့် ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းတွင် ဂျပန်နိုင်ငံ ပါဝင်ဆောင်ရွက်နိုင်မည့် အလားအလာများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ဘဏ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ စတော့ရှယ်ယာ ဈေးကွက် ပေါ်ပေါက်ရေး၊ အကောက်ခွန်လုပ်ငန်းများ ခေတ်မီဖွံ့ဖြိုးရေးနှင့် ပြည်သူချင်းဆက်ဆံမှု တိုးမြှင့်ရေး စသည့်ကဏ္ဍပေါင်းစုံတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နိုင်မည့်အလားအလာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် နှစ်နိုင်ငံခေါင်းဆောင်များသည် အာဆီယံ-ဂျပန် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စများ၊ ဒေသတွင်း လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်ပြီး ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

အဆိုပါဆွေးနွေးမှုများအတွင်း ဂျပန်ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးက ဂျပန်နိုင်ငံအနေဖြင့် နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး အပါအဝင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းများ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ စသည့် အဓိကလုပ်ငန်းနယ်မြေသုံးခုအတွက် ဖွံ့ဖြိုးရေးအကူအညီ ယန်းသန်းပေါင်း ၉၁၀၀၀ အကူအညီပေးအပ်မည်ဖြစ်ကြောင်း ကတိပြုပြောကြားသွားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်း၊ ဦးအေးမြင့်၊ ဦးဝင်းမြင့်၊ ဒေါက်တာမြအေး၊ ဒေါက်တာကံဇော်၊ ဦးငွေးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဂျပန်နိုင်ငံဝန်ကြီးချုပ်နှင့်အတူ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



# ယာဉ်စီးခကပ်မထားသော ယာဉ်များနှင့် မိုးယိုယာဉ်များ အဓိကထားစစ်ဆေးမည်

**ရန်ကုန် မေ ၂၆**

ခရီးသည်တင်ယာဉ်များကို အထူးစစ်ဆေးရေးအဖွဲ့များဖြင့် စစ်ဆေးရာတွင် ယာဉ်စီးခနှုန်းကပ်ထားခြင်း မရှိသောယာဉ်များနှင့် မိုးယိုသောယာဉ်များကို ယခုရက်ပိုင်း စစ်ဆေးမှုတွင် အဓိကထားလုပ်ဆောင်သွားမည်ဖြစ်ကြောင်း မေ ၂၂ ရက်တွင် ကျင်းပသည့် မထသ(ဗဟို) မီဒီယာတွေ့ဆုံပွဲမှ သိရသည်။

ယခုနောက်ပိုင်းတွင် ခရီးသည်တင်ယာဉ်အချို့၌ ယာဉ်စီးခနှုန်းထားသတ်မှတ်ချက်ကိုကပ်ထားခြင်း မရှိကြောင်းကို ကြားသိလာရခြင်းကြောင့် အထူးစစ်ဆေးရေး အဖွဲ့များ၏ ပုံမှန်စစ်ဆေးမှုအပြင် ယင်းအကြောင်းအရာကိုအဓိကထားလုပ်ဆောင်သွားမည်ဖြစ်ပြီး ခရီးသည်များမြင်သာသောနေရာများ ကပ်ထားခြင်းမရှိပါက အရေးယူသွားမည် ဖြစ်ကြောင်း၊ ထို့အတူ အချို့သော ခရီးသည်တင်ယာဉ်များတွင် မိုးယိုသည်ကိုလည်း ကြားသိလာရပြီး BM ယာဉ်များတွင် အများဆုံး ကြုံတွေ့နေသည်ဟု သတင်းများရလာခြင်းကြောင့် ယာဉ်အမိုးမှ မိုးယိုမှုများကိုလည်း ကြပ်မတ်စစ်ဆေးကာ အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

"သာမန်စစ်ဆေးလုပ်ဆောင်နေတဲ့ လုပ်ငန်းတွေအပြင် ဒါတွေကိုလည်း အဓိကထားပြီး စစ်ဆေးသွားမယ်၊ BM ယာဉ်တွေမှာ ယာဉ်စီးခနှုန်း ကပ်မထားတာ၊ ခြေနင်းခုံတွေ ပြုတ်တာ၊ ပေါက်ပြဲနေတာတွေကိုပါ စစ်ဆေးသွားမှာဖြစ်ပါတယ်" ဟု မထသ(ဗဟို)မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။ မကြာမီ မိုးတွင်းကာလသို့ ရောက်ရှိတော့မည်ဖြစ်ပြီး ယခုကတည်းက ရံဖန်ရံခါ မိုးရွာသွန်းမှုများ ကြုံနေရာ ခရီးသည်များလုံခြုံစိတ်ချစွာ သွားလာနိုင်စေရန်အတွက် ယင်းကဲ့သို့ ကြပ်မတ်လုပ်ဆောင်နေခြင်းဖြစ်သည်။

စစ်ဆေးတွေ့ရှိမှုများ အတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုထားသော အချက် ၁၃၈ ချက်တွင် သတ်မှတ်ထားသည့် သတ်မှတ်ချက်များအတိုင်း အရေးယူလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ "ဒီတစ်ကြိမ်စစ်ဆေးလို့ ဒဏ်ကြေးဆောင်ရတယ်။ နောက်တစ်ကြိမ်စစ်လည်း မပြင်သေးဘဲ ဒဏ်ကြေးဆောင်ရတယ်ဆိုရင် ဒဏ်ကြေးဆောင်ရတာ ခဏခဏ ကြုံလာတဲ့အခါ ကြာရှည်မခံနိုင်တော့ဘဲ ပြုပြင်လာမှာဖြစ်ပါတယ်။ စစ်ဆေးတာကတော့ လုပ်သွားမှာပဲ။ ၁၃၈ ချက်ထဲမှာ ပါတဲ့အတိုင်းကို အရေးယူသွားမယ်" ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

ထို ၁၃၈ ချက်တွင် ကျူးလွန်သောအပြစ်အလိုက် အရေးယူမည့် သတ်မှတ်ချက်များရှိပြီး ယာဉ်မောင်း၊ ယာဉ်နောက်လိုက်သာမက ယာဉ်ပိုင်ရှင်များကိုပါ အရေးယူနိုင်သည့် သတ်မှတ်ချက်များလည်း ပါဝင်ပြီး ယာဉ်ကို လိုင်းမှထုတ်ပယ်ခြင်း၊ ပိတ်သိမ်းခြင်းများလည်း ထည့်သွင်းသတ်မှတ်ထားကြောင်း သိရသည်။ မထသ(ဗဟို) မှ စီစဉ်စစ်ဆေးနေသော အထူးစစ်ဆေးရေး အဖွဲ့များတွင် ယာဉ်လိုင်းအသီးသီးမှ တာဝန်ရှိသူများလည်း ပါဝင်ကာ သတ်မှတ်လမ်းကြောင်းများအတိုင်း စစ်ဆေးနေပြီး နေရာပုံသေမထားဘဲ တာဝန်ပေး ဆောင်ရွက်နေကြောင်း သိရသည်။

**ထက်ခိုင်(စမ်းချောင်း)**

# ပြည်နယ်နှင့် တိုင်းဒေသကြီးများအတွင်း တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၆**

ရှမ်းပြည်နယ် ရပ်စောက်မြို့နယ် သစ်တောဦးစီးဌာနမှဝန်ထမ်းများသည် တရားမဝင် သစ်ဖမ်းဆီးရေးလုပ်ငန်း ဆောင်ရွက်ခဲ့ရာ မေ ၆ ရက်က ရပ်စောက်မြို့နယ် ကျိုင်းခမ်းရွာ အနောက်မြောက်ဘက် လေးမိုင်ခန့်အကွာ၌ တရားမဝင်အင်ကြင်းခွဲသား သစ်လုံး ၁၈ဒသမ ၆၈၉၈ တန်အား ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့သည်။

အလားတူ မေ ၁၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် အိုင်တုံကွန်းကြိုးဝိုင်း အကွက်အမှတ် (၁၄) ၌ တရားမဝင် ပျဉ်းကတိုးသစ်လုံး ၈ဒသမ ၆၆၈ တန်အားလည်းကောင်း၊ မေ ၂၀ ရက်တွင် အုတ်တွင်းမြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းဟောင်း မိုင်တိုင်အမှတ် (၁၃၄/၆) နှင့် (၁၃၄/၇) အကြားတွင် တရားမဝင် ပျဉ်းကတိုးလျှာထိုး/ခွာသား ၂ ဒသမ ၇၅၃ တန်အားလည်းကောင်း၊ မေ ၁၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် မြို့သစ်မြို့နယ်ခွဲမှ သစ်တောဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ခွဲအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့၊ ရတခလရ ၂၆၆ မှ တပ်မတော်သားများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နယ်မြေအတွင်း ကွင်းဆင်းလှည့်လည်စစ်ဆေးစဉ် မြို့သစ်ဘိနယ်နှင့် ဗန္ဓုလကျေးရွာအကြား၌ တရားမဝင် ကျွန်းသစ်လေးလုံး ၁ ဒသမ ၅၁ တန်အားလည်းကောင်း၊ မေ ၂၀ ရက်တွင် စစ်ကိုင်းမြို့နယ် သောတပန်ရပ် သမ္ဗုဏ္ဏာရာမကျောင်းတိုက်ဝင်းအတွင်း၌ တရားမဝင် တမလန်း ခားရွေ အတုံး ၈၀ ၉ ဒသမ ၆၃၈ တန်တို့အား ဖမ်းဆီးရမိပြီး သက်ဆိုင်ရာရဲစခန်းများမှ သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**

# စာတည်းမှူးထံ ရောက်ရှိလာသော ပေးစာများ

## အမြင်မတင့်တယ်သည့် ဆိုင်ခန်းများရှင်းလင်းပြီး

စစ်ကိုင်းမြို့သမိုင်းဝင် ဝေဠုဝန်ငါးထပ်ကြီးဘုရားတံတိုင်း၏ အရှေ့တောင်ထောင့်အနီးဝန်းကျင် နေအိမ်၊ ဈေးဆိုင်ခန်းများမှ အိမ်သာများဆောက်လုပ်အသုံးပြုနေသဖြင့် အမြင်မတင့်တယ်သည့်အပြင် စိတ်မချမ်းမြေ့ဖွယ်ဖြစ်နေသောကြောင့် ဖယ်ရှားရှင်းလင်းသင့်ကြောင်း ပြောဆိုနေကြသည်ဆိုသောသတင်း ကြေးမုံတွင် ပါရှိလာရာ သတင်းပါပြီးနောက်တစ်ရက် မေ ၁၉ ရက် နံနက်တွင် ဘုရားဂေါပကအဖွဲ့မှ ရှင်းလင်းဆောင်ရွက်ပြီးကြောင်း ပြန်လည်ပေးပို့လာသောစာ။

## နွားချေးနှင့် ဝက်ချေးအနံ့ဆိုးများမခံနိုင်

ကျိုက်လတ်မြို့အမှတ် (၅)ရပ်ကွက် ၁၂×၁၃ ရတနာပုံလမ်းရှိ နေအိမ်တစ်အိမ်တွင် နွားနှင့်ဝက်များ စီးပွားဖြစ်မွေးမြူရာမှထွက်ရှိလာသော အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အိုများ မူးမေ့သည် အထိ ခံစားနေရပြီး အများပြည်သူကျန်းမာရေး ထိခိုက်လာနိုင်ပါသဖြင့် ရပ်ကွက်အတွင်းမှ နွားခြံနှင့် ဝက်ခြံအား အမြန်ဆုံးဖယ်ရှားပေးစေလိုပါကြောင်း ပေးပို့လာသောစာ။

## စည်းကမ်းမဲ့လုပ်ဆောင်မှုများ အရေးယူပေးပါ

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ် (၅) ရပ်ကွက် ရွှေအုန်းပင်အိမ်ရာ (၁) မြေညီထပ်တွင်နေထိုင်ကြသော တိုက်မိသားစုဝင်များအနက် အချို့သည် Sun Shades များရှည်လျားစွာ ထုတ်ခြင်း၊ ပတ်လည်ခြံစည်းရိုးများကာရံခြင်း၊ Car Parking နေရာဦးခြင်း၊ အိမ်ရှေ့ဝရံတာအား ဖောက်ပစ်ခြင်းများကို စည်းကမ်းမဲ့စွာ အပြိုင်အဆိုင် ချဲ့ထွင်နေမှုများအား အရေးယူဆောင်ရွက်ပေးပါရန် တင်ပို့လာသောစာ။

## မီးလောင်လွယ်သည့် လောင်စာဆီဆိုင်များ

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားမြို့နယ်ခွဲ မြို့ပေါ် (၄) ရပ်ကွက်တွင် သတ်မှတ်ထားသော စည်းကမ်းများလိုက်နာခြင်းမရှိဘဲ မြို့ပေါ် (၄) ရပ်ကွက်အတွင်း လောင်စာဆီများ ရောင်းချနေပြီး ရပ်ကွက်နေပြည်သူများအား မီးဘေးအန္တရာယ်ကျရောက်နိုင်သည်ကို ငဲ့ညှာထောက်ထားခြင်းမရှိဘဲ မီးလောင်လွယ်သော လောင်စာဆီများ ရောင်းချနေခြင်းကြောင့် ဒေသခံပြည်သူများက မီးဘေးအန္တရာယ်ကျရောက်မည်ကို စိုးရိမ်နေကြရပါကြောင်း တင်ပို့ပြလာသောစာ။







# မျက်မှန်စိမ်းတပ်၍ ကြည့်နေကြလျှင်ဖြင့် ...

**ခင်မောင်ဌေး
(ပညာရေး)**

ယခုတလော သတင်းစာမျက်နှာများတွင် နိုင်ငံတော်သမ္မတ၏ အမေရိကန်ခရီးစဉ် ပုံရိပ်များအဆက်မပြတ် မြင်တွေ့နေရ၏။ နှစ်ပေါင်း ၅၀ အတွင်း ပထမဦးဆုံး ရောက်ရှိလာသည့် မြန်မာ သမ္မတ၏ ခရီးစဉ်ဖြစ်၍လည်း အံ့ဩဖွယ်ရာမဟုတ်သော်လည်း ထူးခြားမှုများစွာရှိပါသည်။

အထူးသဖြင့် ဒီမိုကရေစီသက်တမ်းရင့် နိုင်ငံကြီး တစ်နိုင်ငံအား သက်တမ်းနုနယ်လှသေးသည့် နိုင်ငံတစ်နိုင်ငံ အဖြစ် ရောက်ရှိသွားရာ ဆွေးနွေးဖွယ်ရာ၊ ညှိနှိုင်းဖွယ်ရာ၊ အကြံဉာဏ်ယူဖွယ်ရာများဖြင့် ပြည့်နှက်နေပါလိမ့်ဦးမည်။ နိုင်ငံတော်သမ္မတကြီး၏ ပြည်ပခရီးစဉ်များကိုကြည့်လျှင် မြန်မာမိသားစုများ၊ ပြည်ပရောက်နေသည့် ကျောင်းသား ကျောင်းသူများနှင့် အမြဲတွေ့လေ့ရှိပါသည်။ မြန်မာနိုင်ငံ၏ ပကတိဖြစ်ပေါ်နေသည့် အကြောင်းခြင်းရာများကို ပြောင်း၊ မိမိနိုင်ငံကို ပြန်၍ အလုပ်အကျွေးပြုကြဖို့၊ ပြန်လာကြဖို့၊ ပြန်နေထိုင်ကြဖို့ အဆင်ပြေဆုံးနည်းလမ်းများဖြင့် ဆောင်ရွက်ပေးမည့် အကြောင်းစသဖြင့်. . .

အမေရိကန်ပြည်ထောင်စုသို့ ရောက်စဉ် နိုင်ငံတော်သမ္မတသည် အမေရိကန်ပြည်ထောင်စု၏ ပထမဆုံးသမ္မတ ဂျော့ရှ်ဝါရှင်တန်၏အိမ်တော်ရှိရာ မောင့်ဗာနွန် (mt.vernon) ဥယျာဉ်သို့ ရောက်သွား၏။ ဥယျာဉ်အိမ်တော်နှင့် ဥယျာဉ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်မှုတို့ကို လှည့်လည်ကြည့်ရှု၍ ဂျော့ရှ်ဝါရှင်တန်၏ ဂူဗိမာန်တွင် ပန်းခွေချဂါရဝပြုခဲ့သည်။ ထို့နောက် အမေရိကန်ကလေးများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ရာ မေ ၂၁ နေ့ထုတ် ကြေးမုံသတင်းစာမျက်နှာဖုံးတွင် တွေ့ရှိရပါသည်။

ယင်းသို့ သမ္မတကြီးနှင့် ဘောင်းဘီတိုဝတ် ကျောင်းသားကျောင်းသူများတွဲရိုက်ထားသည့် ဓာတ်ပုံနှင့်ပတ်သက်၍ ဝေဖန်သံအချို့ကြားရ၏။ အမှန်ပင် အံ့ဩမိသည်။ အချို့သောသူတို့သည် ယခုထက်တိုင်ပင် မျက်မှန်စိမ်းများ မချွတ်နိုင်သေးပါလားဟူ၍ပင်။ ယခုသမ္မတကြီးရောက်ရှိနေသည့် နေရာသည် အရှေ့တိုင်းနိုင်ငံများမဟုတ်ပါ။ ဒီမိုကရေစီထွန်းကားသည့် အနောက်နိုင်ငံကြီးတစ်နိုင်ငံ ဖြစ်ပါသည်။ ရောမရောက်လျှင် ရောမလို ကျင့်သုံးတတ်ဖို့ လိုမည်ထင်ပါသည်။ ကာလံ ဒေသံ အဂ္ဂံ ခန့်ဆိုသည်မှာ အကြောင်းမဲ့အကျိုးမဲ့မဟုတ်တန်ရာ။

ဤနေရာတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို သတိရမိ၏။ ဗိုလ်ချုပ်သည် တိုင်းရင်းသားလူမျိုးတို့၏ ဒေသမျိုးစုံသို့ ရောက်ဖူးပါသည်။ ထိုသို့ရောက်သည့်အခါတိုင်း တိုင်းရင်းသားလူမျိုးများ၏ အလယ်တွင် ဗိုလ်ချုပ်ကို တိုင်းရင်းသားရိုးရာဝတ်စုံဖြင့် ခန့်ခန့်ထည်ထည် တွေ့နိုင်ပါသည်။ ဗိုလ်ချုပ်၏ ကာလံဒေသံကို သိမှု၊ တစ်သွေးတည်း တစ်သားတည်း စိတ်ဓာတ်ကို လှစ်ဟပြသနေခြင်းပင်ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုတွင် ယခုကဲ့သို့ အမှတ်တရဓာတ်ပုံရိုက်သည်မှာလည်း တစ်ချိန်က မြန်မာနိုင်ငံဆိုသည်ကိုပင် သိပ်မသိခဲ့ကြ။ နှစ်အနည်းငယ်အတွင်း “မြန်မာ” ဆိုသည့် အကြောင်း သိလာကြသည်။ နှစ်ပေါင်း ၅၀ အတွင်း ပထမဆုံး ရောက်လာသည့် နိုင်ငံတော်သမ္မတနှင့်လည်း အမှတ်တရဓာတ်ပုံရိုက်လိုကြပေမည်။

ယင်းဘောင်းဘီတိုဝတ်ထားသူများမှာ ကလေးအရွယ် သာသာများသာဖြစ်ကြပါသည်။ ယင်းတို့နိုင်ငံ၏ ဖွံ့ဖြိုးမှုနှုန်းအရ ထွားကြိုင်းသော ကလေးအများစုဖြစ်နေကြပါသည်။ (ကလေးများ၏ ငယ်ဂုဏ်ဖြင့် ပွင့်လင်းရိုးသားစွာ ဝတ်ဆင်ထားသည်ကို မည်သို့သော အမြင်မျိုးဖြင့် ကြည့်လေသည်မသိ) ယင်းဝတ်စုံသည် ယင်းတို့နိုင်ငံ၏ ဝတ်စားနေထိုင်မှုပုံစံတစ်မျိုးလည်းဖြစ်ပါသည်။ ရိုင်းပျသော အကွဲ၊ အလန်၊ အတို၊ အပြတ်များမဟုတ်ကြဆိုသည်ကို ပြတ်ပြတ်ထင်ထင် မြင်တွေ့နိုင်ပါသည်။

ဆိုရလျှင် မြန်မာသမ္မတရောက်ရှိလာသည်နှင့် အမေရိကန်ကလေးများချိတ်ထဘီရင်ဖုံးနှင့် ထိုင်မသိမ်းဝတ်ပြဖို့ လိုမည်မထင်ပါ။ လက်အုပ်ချီ၍ ဦးခေါင်းများငုံ့ထားဖို့လည်း လိုမည်မထင်ပါ။ ယဉ်ကျေးမှုဓလေ့ထုံးစံချင်းကမတူပါလေ။ အမေရိကန်ရောက်သမ္မတကြီးပင် အမေရိကန်နိုင်ငံသားတစ်ဦးကဲ့သို့ စမတ်ကျကျ ဝတ်စားဆင်ယင်ထားသည်မှာ အရိပ်သုံးပါးနားလည်ခြင်း မည်ပါသည်။

စင်စစ် လူတို့၏ အတွေးအမြင်များ ပြောင်းလဲဖို့ တန်နေပြီဖြစ်သည်။ အရာရာကို မျက်မှန်စိမ်းတပ်၍ ကြည့်နေကြလျှင် မည်မျှပင် အသွေးအရောင်ပြောင်းပြောင်း၊ အသွင်အပြင်ပြောင်းပြောင်း၊ အနှစ်သာရပြောင်းပြောင်း စိမ်းမြဲစိမ်းနေမည်သာ ဖြစ်သည်။ အလွန်သေးဖွဲသည့် ကိစ္စကလေးတစ်ခုကိုပင် အတွေးအမြင်ခေါင်းပါးစွာ၊ သေးသိမ်စွာ ရှုမြင်သုံးသပ်ပြောဆိုနေကြမည်ဆိုလျှင် တန်ဖိုးရှိသော အချိန်များ နှမြောဖို့ကောင်းပါသည်။

စင်စစ် တန်ဖိုးရှိသော အချိန်များအား တိုင်းပြည်အတွက် လိုအပ်နေသည့် နေရာများ၊ ချို့ယွင်းအားနည်းချက်များ ရှိနေသည့် လုပ်ဆောင်မှုများ၊ အများအကျိုးမပြုသည့်အပြင် အကျင့်စာရိတ္တပျက်ယွင်းစေမည့် အမှုအလုပ်များစွာရှိနေသေးပါသည်။ ယင်းသို့သောနေရာများတွင် မည်သို့သော အကြံကောင်း၊ ဉာဏ်ကောင်းများ ပေးစွမ်းနိုင်ပါမည်နည်း။ ဖြည့်စွက်ပံ့ပိုးပေးနိုင်ပါမည်နည်း။ အကျိုးရှိသည့် အချိန်များအတွက် အကျိုးရှိရှိ အသုံးချကြဖို့ လိုပါသည်။

ထို့ကြောင့် သမ္မတရုံးဝန်ကြီး ဦးအောင်မင်းပြောသကဲ့သို့ “ဆဲနိုင်ပါတယ်၊ ဆဲပြီးရင်တော့ ဘယ်လိုပြုပြင်ပြောင်းလဲရမယ်ဆိုတဲ့ အကြံဉာဏ်ကောင်းတွေ ပေးဖို့လိုတယ်” ဟု ဆိုသည့်အတိုင်း ဘေးထိုင်ဘုပြောနေမည့်အစား၊ မျက်မှန်စိမ်းတပ်၍ အတွေးမပြင် အမြင်မပြောင်းလဲနိုင်ဘဲ ရှိနေကြမည့်အစား တိုင်းပြည်အတွက် မိမိတို့၏ အတွေးကောင်းအမြင်မှန်များကို တစ်ထောင့်တစ်နေရာမှ ဖြည့်ဆည်းပေးရာရောက်မည်ဆိုလျှင် မသင့်ပေဘူးလားဗျာ။ ။

## ဒဂုံမြို့သစ်(အရှေ့ပိုင်း) (၁)ရပ်ကွက်၌ Sim Card များ မဲဖောက်ရောင်းချ

**ရန်ကုန် မေ ၂၆**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်အတွင်း တန်ဖိုးနည်း မိုဘိုင်းဖုန်း Sim Card များအား လူတန်းစားမရွေးကိုင်ဆောင်အသုံးပြုနိုင်ရေးအတွက် Sim Card ၁၅၁၀ ကို ရပ်ကွက်များသို့ ခွဲဝေဖြန့်ဖြူးပေးထားရာ အမှတ်(၁)ရပ်ကွက်အတွက် ခွဲတမ်းအရ Sim Card ၈၁ ခုရရှိသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ကြီးကြပ်မှုဖြင့် မေ ၂၅ ရက်တွင် ဒေသဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများက မဲဖောက်ရောင်းချပေးသည်ကို တွေ့ရသည်။

အဆိုပါ အမှတ်(၁) ရပ်ကွက်အတွက် ခွဲတမ်းရရှိသော Sim Card ၈၁ ခုအနက် ဘုန်းတော်ကြီးကျောင်း ၁၂ ကျောင်းအတွက် တစ်ကျောင်းလျှင် Sim Card တစ်ခုစီ ရောင်းချပေးပြီး ကျန်ရှိသည့် Sim Card ၆၉ ခုကို ဒေသခံပြည်သူများအား မဲဖောက်ရောင်းချပေးကြောင်း သိရသည်။

အလားတူ အမှတ်(၆)ရပ်ကွက်တွင်လည်း မဲနှိုက်ရောင်းချပေးကြောင်း သိရသည်။

**(မောင်သုည)**

**အောင်သစ္စာဦးအာမခံကုမ္ပဏီလီမိတက်**

**Aung Thitsa Oo Insurance Company Limited**

“ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ အောင်သစ္စာဦးအာမခံပါ”

ကျယ်ပြန့်သောအတာအကွယ်၊ သင့်တင့်မျှတသော ပရီမီယံ၊ မှန်ကန်မြန်ဆန်သော ဝန်ဆောင်မှုတို့ဖြင့် တာဝန်ယူဆောင်ရွက်ပေးနေပါပြီ။

လက်ခံဆောင်ရွက်ပေးမည့်အာမခံအမျိုးအစားများမှာ

၁။ မီးနှင့်သဘာဝဘေးအန္တရာယ်အမျိုးမျိုးအာမခံ
၂။ အလုံးစုံမော်တော်ယာဉ်အာမခံ
၃။ မြည်သူပြည်သားအသက်အာမခံ
၄။ စုပေါင်းအသက်အာမခံ
၅။ အားကစားသမားများ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ ငွေပို့ငွေသယ်အာမခံ
၈။ ငွေသားလုံခြုံမှုအာမခံ
၉။ သမာဓိအာမခံ

ဆက်သွယ်ရန်လိပ်စာ

အောင်သစ္စာဦးအာမခံကုမ္ပဏီလီမိတက်
အမှတ်(၁၅၁)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
အခန်း(၆၀၂/၆၀၄)၊ မြဝတီဘဏ်လဝ်ဇူရီတွန်ပလက်စ်၊
(၈)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - (+၉၅၁) ၂၃၀၁၄၀၉
ဖက်စ်/ဖုန်းနံပါတ် - (+၉၅၁) ၂၃၀၁၄၀၇
အီးမေးလ် - aungthitsaooins@gmail.com

## အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီ အတွင်းရေးမှူးနှင့်အဖွဲ့ ဗီယက်နမ်နိုင်ငံမှ ပြန်လည်ရောက်ရှိ

**ရန်ကုန် မေ ၂၆**

အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီ အတွင်းရေးမှူး ဦးညဏ်လင်းခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်နှစ်ဦးသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ လေ့လာရေးခရီးသွားရောက်ခဲ့ပြီး ယနေ့မွန်းလွဲ ၁ နာရီ ၂၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာကြရာ လွှတ်တော်ရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

## ကဆုန်လပြည့်နေ့တွင် ပတ္တမြား FM မိသားစု သောက်ရေသန့်အလှူ ကုသိုလ်ယူ

**ရန်ကုန် မေ ၂၆**



“ဗျာဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နိဗ္ဗာန်နန်း”ဟူသော စာဆိုအရ မြတ်စွာဘုရားရှင်၏ ထူးမြတ်လှသောနေ့တစ်နေ့ ဖြစ်သည့် ကဆုန်လပြည့်နေ့တွင် ပတ္တမြား FM မိသားစုက သောက်ရေသန့်ရေကုသိုလ်ယူအလှူပွဲနှင့် အချိုရည် တိုက်ကျွေးခြင်းများကို ရန်ကုန်မြို့ ရွှေတိဂုံဘုရား မြောက်ဘက်မုခ်တွင် ဘုရားဖူးလာပြည်သူများနှင့်အတူ မနက် ၁၁ နာရီမှ မွန်းလွဲ ၂ နာရီအထိ လှူဒါန်းခဲ့သည်။ ထို့အတူ မန္တလေးမြို့ ရွှေကြက်ယက်ဘုရားနှင့် မုံရွာမြို့ ဗောဓိတစ်ထောင်စေတီတော်တို့တွင်လည်း နံနက် ၁၁ နာရီမှ မွန်းလွဲ ၂ နာရီအထိ ပတ္တမြား FM မိသားစုက ဘုရားဖူးလာ ပြည်သူများနှင့်အတူ သောက်ရေသန့်ကုသိုလ်ရေအလှူပွဲများ ကျင်းပခဲ့သည်။ ပတ္တမြား FM ၏ ရေဒီယို အစီအစဉ်များကို ရန်ကုန်မြို့တွင် 91 MHz၊ မန္တလေးမြို့တွင် 88.9 MHz၊ မုံရွာမြို့တွင် 88.6 MHz နှင့် မြစ်ကြီးနားမြို့တွင် 88.9 MHz တို့တွင် ဖမ်းယူနားဆင်နိုင်ကြောင်း သိရသည်။

**ကိုပိုင်(ပတ္တမြား)**

## မန္တလေးကျုံးထဲ၌ အမျိုးသားတစ်ဦးသေဆုံး

**မန္တလေး မေ ၂၆**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၂၆လမ်းနှင့် ၆၆ လမ်းထောင့် ကျုံးရေပြင်အတွင်းသို့ မေ ၂၄ ရက် နံနက် ၅ နာရီခန့်က အမျိုးသားတစ်ဦး ခုန်ချ၍သေကြောင်းကြံခဲ့သည်။ ထိုဖြစ်စဉ်ကို ကျုံးဘေးလမ်းလျှောက်သူများက မြင်တွေ့၍ သက်ဆိုင်ရာသို့ အကြောင်းကြားသော်လည်း ကယ်ဆယ်ရေးအဖွဲ့များ ရောက်ရှိချိန်တွင် ရေနစ်သေဆုံးခဲ့သည်။ ကျုံးတွင်းခုန်ချသေဆုံးသူမှာ မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အမရ ၅၁နီ အရှေ့ရပ်ကွက် အကွက် (၂၇) နေသူ နေမျိုးထွန်း(ခ) နေမျိုးဝင်း (၃၃)နှစ် ကားဆေးသုတ်သူဖြစ်ကြောင်း သိရပြီး အလောင်းအား မန္တလေးဆေးရုံကြီးသို့ ပို့အပ်ကာ အောင်မြေသာစံမြို့နယ် အမှတ်(၂) ရဲစခန်းက သေမှုသေခင်းအမှတ် (၂၃/၂၀၁၃) ဖြင့် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **မောင်ပြည်သူ(မန္တလေး)**




## မလှိုင်၌ သွေးလှူရှင်အဖွဲ့ ဖွဲ့စည်း

**မလှိုင် မေ ၂၆**

“သွေးသည်အသက် အသက်သည်သွေး”ဟူသော ဆောင်ပုဒ်နှင့်အညီ လူတစ်ယောက်၏အသက်သည် သွေးမရှိ၍မရ။ လှူဒါန်းမှုအစုစုတွင် သွေးလှူဒါန်းမှုသည် အမွန်မြတ်ဆုံးဒါနဖြစ်သလို ယခုအခါ မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့၌ ဗလငါးတန် စေတနာရှင်အခမဲ့သွေးလှူရှင်အဖွဲ့ကို ဒေါက်တာဌေးမော်၏ ဦးစီးဆောင်ရွက်မှုဖြင့် ၂၀၁၁ ခုနှစ် မေ ၂၂ ရက်မှစ၍ စေတနာရှင်အခမဲ့သွေးလှူရှင်အဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ယခုအခါ နေ့စဉ် မလှိုင်မြို့နယ်အတွင်း ဆေးရုံ၊ ဆေးခန်းနှင့်တိုက်နယ်ဆေးရုံပါမကျန် လိုအပ်နေသော သွေးအမျိုးအစားအလိုက် သန့်ရှင်းသော သွေးများကို လှူဒါန်းခဲ့သည်။ ၂၀၁၁ ခုနှစ် မေ ၂၂ ရက်မှစ၍ ယနေ့အထိ လှူဒါန်းခဲ့သည့် သွေးအလုံးပေါင်းမှာ ၃၇၆၅ လုံးရှိကြောင်း ၎င်းအဖွဲ့၏ အတွင်းရေးမှူး ဦးသိန်းဆွေထံမှ သိရသည်။ **(ကျော်ကျော်-မလှိုင်)**

## ဖျာပုံမြို့နယ်မြောက်ပိုင်း ရွာမကျောင်းဝင်းအတွင်း မီးလောင်မှုဖြစ်ပွား



**ဖျာပုံ မေ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့မြောက်ပိုင်း (၁)ရပ်ကွက် ချောင်းတွင်းလမ်းမကြီးရှိ ရွာမဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ ကိုးဦးဇရပ်(ခေါ်)မြောက်ပိုင်းဂေါပကအဆောင်၌ မေ ၂၅ ရက် မွန်းလွဲ ၁ နာရီ ၅ မိနစ်တွင် မီးလောင်မှုဖြစ်ပွားခဲ့သည်။ **(ဓါတ်ပုံ)**

အဆိုပါ မီးလောင်ရာသို့ ဖျာပုံမြို့နယ်မှ မီးသတ်ကား သုံးစီး၊ သနွေမီးသတ် ၁၃ ဦး၊ အရန်မီးသတ် ၄၀၊ ရဲတပ်ဖွဲ့ဝင်အရာရှိ ငါးဦးအပါအဝင် တပ်ဖွဲ့ဝင် ၂၅ ဦးနှင့် ပြည်သူ ၂၀၀ ကျော်ခန့်တို့က ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင် မီးလောင်မှုအား ထိန်းနိုင်ခဲ့ပြီး မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် လုံးဝမီးညွှန့်ကျိုးပြီး မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ မီးလောင်ရာတွင် ကိုးဦးဇရပ် (ခေါ်) မြောက်ပိုင်းဂေါပကအဆောင်၏ လေးပင် သုံးခန်းသွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းအဆောက်အအုံ တစ်ခုလုံး မီးလောင်ကျွမ်းသွားပြီး လူနေထိုင်ခြင်းမရှိဘဲ သော့ခတ်ထားပြီး မီးလောင်မှုစတင်သည့် နေရာမှာ အဆောက်အအုံ၏အလယ်မှ စတင်လောင်ကျွမ်းခြင်းဖြစ်ကြောင်း စုံစမ်းသိရှိရပြီး မီးလောင်မှုဖြစ်စဉ်တွင် တာဝန်ရှိသူအား အရေးယူဆောင်ရွက်နိုင်ရန် မြို့နယ်ရဲတပ်ဖွဲ့က စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **(၅၄၀)**

ASIA MASTERS HR
(ဟိုတယ်၊ စားသောက်ဆိုင်၊ အရောင်းဆိုင်)
ကိုယ်ပိုင်လုပ်ငန်းနှင့် လုပ်ငန်းသင်သင်တန်းများ
■ ဟိုတယ် / စားသောက်ဆိုင်စားဖိုမှူး (အခြေခံ)
■ ပေါင်မုန့်နှင့်ကိတ်မုန့်၊ မုန့်မျိုးစုံဖုတ်
■ ကော်ဖီနှင့် ဖျော်ရည်အမျိုးမျိုး
■ သားဝန်ထမ်း
■ ဟိုတယ်စားပွဲထိုး
■ ဟိုတယ်ဧည့်ကြို
■ ဟိုတယ် အိပ်ခန်းဆောင်ထိန်း
အထူးဝန်ဆောင်မှုများ
ဝန်ထမ်းလိုအပ်သည့် ဟိုတယ် HR များဆက်သွယ်ပါ
ENROLL NOW 15 % DISCOUNT
09- 73162721, 421100111, 73121643

ဦးအောင်ဟိန်းကျော်
အင်္ဂလိပ်စာရေးနည်း
အင်္ဂလိပ်စကားပြော

FOREVER

ပြည်ပအလုပ်အကိုင် ခြေလှမ်းပြ
Keppel
SS - 430 + OT
Air ticket
သုခစုဝ်
ပြည်တွင်း - ပြည်ပ
ITE

စော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ
ရန်ကုန်အရောင်းခန်းမ
Ph:01-545531,01-8603141, 09-5008161
နေပြည်တော်အရောင်းခန်းမ
Ph : 067-25422, 09-49-210 551, 09-5104455
မန္တလေးအရောင်းခန်းမ
Ph:02-73191, 09-5140655, 09-402571300

အထက်မြန်မာပြည်သတင်း



# အမြင့်မြို့ဟောင်းအနီးမှ ရှေးဟောင်းစေတီတော်ကြီး၏ တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းလက်ရာများ

**ရန်ကုန် မေ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် အမြင့်မြို့ဟောင်းအနီး နဂါးဗိုလ်ကျေးရွာရှိ အရပ်ခေါ်ကြီးတောင်ညို စေတီတော်၊ ရှေးအခေါ် အပြင်ကယ်စေတီတော်ကြီးသည် ပျက်စီးပြိုကျ၍ ချုံနွယ်ပိတ်ပေါင်းများဖြင့် ရစ်ပတ်ဖုံးအုပ်ကာ တောင်ကုန်းကြီးသဖွယ်ဖြစ်၍နေသည်။

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် စလင်းကျောင်းတိုက် ဆွမ်းစားကျောင်းဆရာတော် ဦးတိလောကကို အိပ်မက်ပေးသဖြင့် ဆရာတော်ဦးတိလောကသည် မွေးရပ်ဇာတိသို့ သွားရောက်၍ စေတီတော်ကြီးတွင် ရစ်ပတ်ပေါက်ရောက်နေသော ချုံနွယ်သစ်ပင်ကြီးများအား ရှင်းလင်း၍ မေ ၈ ရက်တွင် စေတီတော်ကြီးကို ပြုပြင်ရာ ခေါင်းလောင်းသပိတ်မှောက်သို့ အရောက်တွင် အုတ်စီရန် ပန်းရန်ဆရာများက သစ်မြစ်များကို တူးဖော်ရာတွင် ကိုးလက်မရှိ ကြေးဆင်းတုတစ်ဆူ၊ ခုနစ်လက်မရှိ ပလ္လင်တံကဲပါ လက်ယာတော်ရံ၊ လက်ဝဲတော်ရံ ရဟန္တာနှစ်ပါးနှင့် ပလ္လင်ခြေတွင် ဆင်နှစ်ကောင်နှင့် အလယ်ကျားခံသော ကြေးဆင်းတု ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ၊ သုံးလက်မရှိ ဇမ္ဗူပတိချွတ်တော်မူပုံ (အမြင့်မြို့ဟောင်းမှ မံဘုရားနှင့်တူသော) ငွေသားဆင်းတုတော်တစ်ဆူ၊ နှစ်လက်မရှိ ဖန်ဆင်းတုတော်တစ်ဆူ၊ ဓာတ်တော်များထည့်ထားသော ၃ ဒသမ ၅ လက်မရှိ ဖန်စေတီ၊ ဓာတ်တော် ကြုတ်တစ်ဆူ၊ လူခန္ဓာကိုယ်နှင့် ဆင်ဦးခေါင်းပါသော ကျောက်ပြားကို ထွင်းထုထားသော နှစ်လက်မရှိ မဟာပိန္နဲရုပ်တုတစ်ခုတို့ကို တွေ့ရသည်။

ယခုအခါ အများပြည်သူ ဖူးမြော်ကြည်ညို လေ့လာနိုင်ရန်အတွက် နဂါးဗိုလ်ကျေးရွာရှိ နဂါးဗိုလ်ရွှေကျောင်းတွင် အပူဇော်ခံထားရှိကြောင်း သိရသည်။**(အပေါ်ပုံ)**

**(သုမန)**

# ဘိုးတော်ဘုရားလက်ထက်က အသုံးပြုခဲ့သည်ဟု ယူဆရသည့် ကျွန်းသစ်လုံးထွင်း ရှေးဟောင်းလှေကြီးကို သမိုင်းဝင်သပြေတန်းခံတပ်အတွင်းတွင် လေ့လာနိုင်

**စစ်ကိုင်း မေ ၂၆**

ရှေးဟောင်းကျွန်းသစ်လုံးထွင်းလှေကြီးကို ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာနက အမရပူရမြို့နယ် သမိုင်းဝင် သပြေတန်း ခံတပ်ကြီးအတွင်းတွင် ထိန်းသိမ်းပြသထားရာ လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။ အဆိုပါလှေကြီးကို ၁၉၇၉ ခုနှစ်က စစ်ကိုင်းမြို့နယ် မင်းကွန်းတစ်ဖက်နန်းတော်ကျွန်းကျေးရွာ၌ သစ်ဖောင်လုပ်သားများက ရွံ့ညွန်များအတွင်းမှ တွေ့ရှိဆယ်ယူရရှိခြင်းဖြစ်ပြီး အလျား ၇၈ ပေ၊ လှေဝမ်းအကျယ် ငါးပေခွဲရှိသည့် ရွှေပိန်းချလှေကြီး ဖြစ်ကြောင်း သိရသည်။ စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကောင်စီနှင့် မန္တလေးမြို့ ရှေးဟောင်းသုတေသန ဦးစီးဌာနတို့ ညှိနှိုင်းကာ သပြေတန်းခံတပ်အတွင်း ရွှေ့ပြောင်းထိန်းသိမ်းထားခဲ့ခြင်းဖြစ်ကြောင်း၊ မူလအစိတ်အပိုင်းအများစုမှာ ဆွေးမြည့်ပျက်စီးနေသဖြင့် ၂၀၀၅ ခုနှစ် ဇန်နဝါရီလပိုင်းတွင် သစ်အစားထိုး ဖြည့်စွက်ဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

"ဒီရှေးဟောင်း ကျွန်းသစ်လုံးထွင်း လှေကြီးက ဘိုးတော်ဘုရားလို့ခေါ်တဲ့ ဗဒုံမင်းလက်ထက်က အသုံးပြုခဲ့တဲ့ မင်းသုံးလှေတော်ကြီးလို့ ယူဆရတယ်၊ ဘာလို့လဲဆိုတော့ သက္ကရာဇ် ၁၁၅၂ ခုနှစ်မှာ မင်းကွန်းပုထိုးတော်ကြီး တည်ထားစဉ်က ဘိုးတော်ဘုရားကိုယ်တိုင် အခုနန်းတော်ကျွန်းလို့ခေါ်ကြတဲ့ မင်းကွန်းတစ်ဖက်က အလယ်ကျွန်းမှာ စံနန်းတော်ဆောက်လုပ်နေထိုင်ပြီး ပုထိုးတော်ကြီး၊ ခြင်္သေ့ကြီးတွေ တည်ထားခဲ့တယ်၊ မင်းကွန်းခေါင်းလောင်းကြီး၊ စန္ဒာမုနိဘုရားတွေကိုလည်း စံနန်းတော်အလယ်ကျွန်းမှာပဲ သွန်းလောင်းခဲ့တယ်၊ ခေါင်းလောင်းကြီး သွန်းလောင်းပြီးစီးတဲ့အခါ ဖောင်ချောင်းတူးဖော်ပြီး စံနန်းတော် အလယ်ကျွန်းကနေ မင်းကွန်းဘက်ကို ဖောင်တော်တွေနဲ့ သယ်ယူရွှေ့ပြောင်းခဲ့တယ်၊ ဘိုးတော်ဘုရားဟာ အလယ်ကျွန်း စံနန်းတော်မှာ စံမြန်းနေထိုင်စဉ် ပေါ်ထွန်းရရှိတော်မူတဲ့ သီရိမလ္လာ မဟာသုဘဒ္ဒါနဲ့ နိဗ္ဗာနပစ္စယနာဂရာဇာ ဆင်ဖြူတော်တွေကိုလည်း အလယ်ကျွန်း စံနန်းတော်အနီးက ဆင်ဖြူမင်း စံနန်းတော်မှာ ထားခဲ့တယ်၊ မိဖုရားခေါင်ကြီး နတ်ရွာစံတော့လည်း အလယ်ကျွန်းမှာပဲ သဂြိုဟ်ခဲ့တယ်၊ ဘိုးတော်ဘုရားဟာ ဘဝတစ်လျှောက် အချိန်တော်တော်များများ နန်းတော်ကျွန်းမှာ စံမြန်းသွားတဲ့အတွက် ဒီရှေးဟောင်းရွှေပိန်းချ သစ်လုံးထွင်း လှေကြီးဟာ ဘိုးတော်ဘုရားလက်ထက်က မင်းသုံးလှေကြီး ဖြစ်နိုင်ဖွယ်ရှိတယ်"ဟု သမိုင်းလေ့လာသူတစ်ဦးက ပြောပြသည်။

"အဘွားတို့ ဆင်ကျွန်းမှာ နေခဲ့တာဆိုတော့ လှေကြီးတွေ့တုန်းက အကြောင်းတွေမှတ်မိတယ်၊ လှေကြီးကိုတွေ့တော့ ရွှေပိန်းချထားတာ အိနေတာပဲ၊ တချို့ဖဲ့ယူကြတယ်၊ နောက်တော့လှေကြီးကို သစ်တင်သင်္ဘောကြီးနဲ့သယ်သွားတာ၊ ဘယ်ကို သယ်သွားတယ်ဆိုတာတော့ မသိဘူး" ဟု မင်းကွန်းတွင် ဈေးရောင်းချနေသူ အမျိုးသမီးကြီးတစ်ဦးက ပြောပြသည်။

စစ်ကိုင်းတံတား(ခ) အင်းဝတံတားကြီး၏ တောင်ဘက်ထိပ်တွင် တည်ရှိသည့် သမိုင်းဝင် သပြေတန်းခံတပ်ကြီး၏ ဆင်ဝင်ပေါက် ပေါင်းကူးဥမင်အတွင်း ထိန်းသိမ်းထားရှိသည့် ရှေးဟောင်းကျွန်းသစ်လုံးထွင်းလှေတော်ကြီးအား လေ့လာနိုင်ရန် တင်ပြလိုက်ရပါသည်။

**(နန္ဒာမင်းလွင်)**



# ယာဉ်မှတ်ပုံတင်နှင့် ယာဉ်မောင်းလိုင်စင်လုပ်ငန်းများ နယ်လှည့်ဆောင်ရွက်

**စစ်ကိုင်း မေ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကနီ၊ ဝက်လက်၊ ကသာ၊ အင်းတော်၊ ထီးချိုင့်၊ ဗန်းမောက်မြို့နယ်များရှိ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ သက်တမ်းတိုးခြင်း၊ ဆိုင်ကယ်စီးယာဉ်မောင်းလိုင်စင်များ စစ်ဆေးခြင်း၊ သက်တမ်းတိုးဆောင်ရွက်ခြင်းများကို မေလအတွင်း နယ်လှည့်ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ ကသာ၊ အင်းတော်၊ ထီးချိုင့်နှင့် ဗန်းမောက်မြို့နယ်များတွင် မေ ၅ ရက်မှ မေ ၁၇ ရက်အထိ လည်းကောင်း၊ ဝက်လက်မြို့နယ်တွင် မေ ၁၁ ရက်ကလည်းကောင်း၊ ကနီမြို့နယ်တွင် မေ ၁၈ ရက်နှင့် ၁၉ ရက်များတွင် လည်းကောင်း ဒေသခံများ ဆောင်ရွက်မှုလုပ်ငန်း အဆင်ပြေစေရန်အတွက် ဒေသအရောက် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဟောပြောပွဲများကိုလည်း တစ်ပါတည်း ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# မိတ္ထီလာ ကယ်ဆယ်ရေးစခန်းများ၌ ခိုလှုံလျက်ရှိသည့် မိသားစုများအတွက် အလှူငွေထောက်ပံ့လှူဒါန်း

**မိတ္ထီလာ မေ ၂၆**

မိတ္ထီလာမြို့ ယာယီဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်းများ၌ ခိုလှုံလျက်ရှိသော မိသားစုများအတွက် အလှူငွေနှင့် ထောက်ပံ့ရေးပစ္စည်းများလက်ခံရာ ဆက်သွယ်ရေးရိပ်သာသို့ စေတနာရှင် ပြည်သူများမှ လှူဒါန်းလျက်ရှိကြရာ ဦးခင်မောင်လေး (ပုသိမ်ခရိုင်အုပ်ချုပ်ရေးမှူး)-ဒေါ်လွင်လွင်မော်မိသားစုက ငွေကျပ် တစ်သိန်း၊ ဦးစိုးမြင့်(ဟိုတယ်ပြင်ဦးလွင်) မိသားစုက ငွေကျပ် ၁၀ သိန်း၊ ဦးစိုးနိုင် (ဝင်းရီမုန့်တိုက်) မိသားစုက ငွေကျပ် တစ်သိန်း၊ ဦးအေးပိုင် (ပြင်ဦးလွင်စတား) မိသားစုက ငွေကျပ် တစ်သိန်း၊ ဂွတ်ဘရားသားကုမ္ပဏီ (မန္တလေး)က ငွေကျပ်သိန်း ၅၀၊ ဦးလှရွှေ-ဒေါ်အေးအေးဝင်း မိသားစုမြင်းခြံက ငွေကျပ် ၁၅၀၀၀၀ တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများ၊ ECCD Net Word အဖွဲ့မှ ခေါက်ဆွဲခြောက်ထုပ် ၁၈၀၀၊ ဦးကျော်ဦး မိသားစု မလှိုင်က ငွေကျပ် ၃၂၅၇၀၀ တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများ၊ ကိုစလမာန်မိသားစု (ရန်ကုန်)က ငွေကျပ် ၃၈၃၄၈၀ တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများကို လာရောက်လှူဒါန်းကြသည်။

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဌာန ယာယီဖွင့်လှစ်ထားသော ဆက်သွယ်ရေးရိပ်သာတွင် မေ ၂၄ ရက်အထိ စေတနာရှင်ပြည်သူများ၏ အလှူငွေစုစုပေါင်း ၂၂၈၉၄၁၅၀၀နှင့် ကယ်ဆယ်ရေးပစ္စည်း ခန့်မှန်းတန်ဖိုး ၆၅၀၂၁၆၆၆၀ ရရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



**စစ်ကိုင်းမြို့ မြို့သစ်ရပ်ကွက် အနောက်ပိုင်းလမ်းတွင် ကိုယ်ထူကိုယ်ထ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများကို မြို့နယ်စည်ပင်၏ အကူအညီဖြင့် အရှည် ပေ ၁၂၅၀ ကုန်ကျငွေပေါင်း ကျပ်သိန်း ၃၀ ကျော်ကုန်ကျ၍ လမ်းခင်းဆောင်ရွက်ခဲ့ရာ မေ ၂၃ ရက်က ပြီးစီးမှုကို တွေ့ရစဉ်။** (၅၃၁)

# ဖွံ့ဖြိုးတိုးတက်နေသည့် ကလေးမြို့၏ ခရီးသွားလုပ်ငန်း

**ကလေး မေ ၂၆**

ကလေးမြို့သည် ချင်းပြည်နယ်၏ တံခါးဝ အထက်ချင်းတွင်းဒေသ၏ မြို့တော်ဟု ခေါ်ဆိုရလောက်အောင် စည်ကားသော မြို့ကြီးဖြစ်သည်။ ကလေးမြို့နယ်အတွင်းသို့ နေ့စဉ်ဝင်ထွက် သွားလာနေကြသော ပြည်တွင်းပြည်ပ ခရီးသည်များ၊ နိုင်ငံခြားသားများသည် ရိဒ်ရေကန်ရှိရာ ချင်းပြည်နယ်အထိ သွားမည်ဆိုလျှင် ကလေးမြို့မှ တစ်ဆင့် သွားရခြင်းတို့ကြောင့် ခရီးသည် စုစုပေါင်း သောင်းဂဏန်းအထက်တွင် ရှိမည်ဖြစ်သည်။

ထိုကဲ့သို့သော ပြည်တွင်းခရီးသွားများ ပေါများလာခြင်း၊ နိုင်ငံခြားသားခရီးသည်များ တိုးတက်လာခြင်းတို့ကြောင့် အဆင့်မြင့် အဲယားကွန်းကားကြီးများ ပြေးဆွဲလာခဲ့ရာ ယခင်က ကလေးမြို့တွင် ပြေးဆွဲခြင်း မရှိသော ကလေး-ရန်ကုန်တိုက်ရိုက် အဆင့်မြင့် ကားကြီးများ ပြေးဆွဲလာကြသည်။

ကလေးမြို့တွင် ကားအသင်းပေါင်း ၄၀ ခန့်ရှိ၍ ရန်ကုန်၊ မန္တလေး၊ မုံရွာ၊ တမူးမြို့များနှင့် ချင်းပြည်နယ်တောင်ပေါ်မြို့များသို့ နေ့စဉ်ပြေးဆွဲလျက်ရှိကြသည်။ ကားအသင်းများ စုဖွဲ့မှုနှင့် ပတ်သက်၍ မိုင် ၅၀ အတွင်းဆိုလျှင် ကားလေးကွင်းတွင် ဂိတ်ထိုးရ၍ မိုင် ၅၀ ကျော်လွန်ပြေးဆွဲပါက ကားကြီးကွင်းတွင် ဂိတ်ထိုးပေးရကြောင်း သိရသည်။

ကလေးမြို့တွင် ကားအသင်းများအနေဖြင့် ရှမ်းတောင်တန်း၊ တက်လမ်း၊ ထွန်းတောက်၊ ရာဇာမင်း၊ ရွှေလွင်ပြင် ကားဂိတ်များက နာမည်ကြီးသည်။

ကလေးမြို့တွင် ပြည်ပခရီးသည်အဝင်၊ အထွက် တစ်လလျှင် ၇၀ ခန့်ရှိကြောင်း၊ အများအားဖြင့် အလုပ်ကိစ္စဖြင့် လာရောက်သူကများပြားပြီး တချို့ ခရီးသည်များအနေဖြင့် မကြာမီက ခွင့်ပြုလိုက်သည့် ချင်းပြည်နယ်ခရီးစဉ်များကြောင့် အလည်အပတ် လာရောက်သူများလည်း ရှိကြောင်း နာမည်ကြီးဟိုတယ်တစ်ခုမှ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။ **(လဝန်းချို)**

# နွားထိုးကြီး၌ အင်ကြင်းကျောက်အသင်းဖွဲ့စည်းရန်လိုလား

**နွားထိုးကြီး မေ ၂၆**

နွားထိုးကြီးမြို့နယ်ထွက် အင်ကြင်းကျောက်ရောင်းဝယ်ရေးလုပ်ငန်းကို အသင်းအဖွဲ့ (သို့မဟုတ်) အင်ကြင်းကျောက်ပွဲရုံဒိုင် ဖွင့်လှစ်ရန် ဒေသခံ ကျောက်ပွဲစားများက လိုလားလျက်ရှိကြသည်။

ကျောက်ပွဲစားအများစုမှာ ကုမ္ပဏီကိုမှီ၍ အရောင်းအဝယ် ပြုလုပ်ရာတွင် တရုတ်ဈေးကွက်၌ ဈေးနှိမ်ခံရခြင်း၊ ဈေးတည့်ပြီးမှ ကျောက်မကောင်း၍ ဈေးတစ်မျိုးသတ်မှတ်ခံရခြင်း၊ အရောင်းအဝယ်ဖြစ်ပြီး ငွေကြေးမရခြင်းတို့ကြောင့် အင်ကြင်းကျောက်ဒိုင် (သို့မဟုတ်) အသင်းအဖွဲ့ဖြင့် စုပေါင်းကြ၍ မြန်မာဘက်မှ ကာကွယ်ပေးရန်နှင့် တရုတ်တို့က ဈေးကွက်အမျိုးမျိုးဖြင့် ဈေးနှိမ်ခြင်းကိုကာကွယ်ရန် အင်ကြင်းကျောက်အရောင်းအဝယ်အသင်းဖွဲ့စည်းရန် လိုလားလျက်ရှိကြသည်။

**ခင်ဇာမွန်မြင့် (ဥပဒေ)**

ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင် ခံခွက်မမေ့နှင့်

# KNLA အဖွဲ့သို့ ကျွန်းပျိုးပင်နှင့်အလှူငွေပေးအပ်

**ကျိုက်ထို မေ ၂၆**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်ကျေးရွာအုပ်စု ဝါးဒတ်ကွင်းကျေးရွာအနီးရှိ ဝက်ဝံတောင်ကြိုးဝိုင်း အကွက်အမှတ် (၂) ရဲထွန်းကုမ္ပဏီ ပျိုးဥယျာဉ်မှ ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော်(KNLA)သို့ မိုးရာသီ စိုက်ပျိုးရန် ကျွန်းပင်နှင့် ငွေသားပေးအပ်လှူဒါန်းပွဲကို မေ ၂၃ ရက် မွန်းလွဲပိုင်းက ယင်းသစ်တောကြိုးဝိုင်းတွင် ပြုလုပ်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်၊ ခရိုင်နှင့်မြို့နယ်သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျိုက်ထိုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်နှင့် မြို့နယ်အဆင့်တာဝန်ရှိသူများ၊ ဇီးပြောင်းကျေးရွာနှင့် သုံးခွကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရဲထွန်းကုမ္ပဏီမှ ဦးရဲထွန်း၊ KNLA တပ်မဟာ(၃)ကိုယ်စားလှယ်စောလားဘွယ်မှူးနှင့် ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၁၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ရဲထွန်းကုမ္ပဏီက လှူဒါန်းသော ကျွန်းပျိုးပင် ၁၀၀၀ နှင့် ငွေကျပ် ၁၀ သိန်းကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်ကပေးအပ်ရာ KNLAမှ စောလားဘွယ်မှူးက လက်ခံရယူသည်။ ဝက်ဝံတောင်သစ်တောကြိုးဝိုင်းအတွင်း၌ KNLA တပ်မဟာ(၃)မှ ကျွန်းပင်များစိုက်ပျိုးလုပ်ကိုင်ရန်အတွက် မွန်ပြည်နယ်အစိုးရအဖွဲ့မှ ခွင့်ပြုမိန့်ချပေးထားကြောင်း သိရသည်။

**(ရဲခေါင်ဦး)**

# ကလေးဗဟိုပြု ချဉ်းကပ်သင်တန်းဆင်း

**ကျောက်တန်း မေ ၂၆**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ ကလေးဗဟိုပြုချဉ်းကပ်သင်ကြားနည်း သင်တန်းဆင်းပွဲ အခမ်းအနားကို အထက (၂) သော်ကရတနာခန်းမ၌ မေ ၂၃ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မြင့်၊ မြို့နယ်ပညာရေးမှူး ဒေါ်တင်နွဲ့တို့က အမှာစကားပြောကြားကြပြီး သင်တန်းသားဆရာမတစ်ဦးက သင်တန်းအတွေ့အကြုံနှင့် ကျေးဇူးတင်စကားပြောကြားသည်။

သင်တန်းတွင် အမှတ် (၃)အခြေခံပညာဦးစီးဌာနမှ သင်တန်းကြီးကြပ်တစ်ဦး၊ ဗဟိုနည်းပြနှစ်ဦး၊ တိုင်းဒေသကြီးအဆင့်နည်းပြ သင်တန်းဆင်းဆရာ ဆရာမ ၃၈ ဦးတို့က မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းအုပ်များအပါအဝင် မူလတန်းဆင့် ဆရာ ဆရာမ ၅၇၂ ဦး၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှ ဆရာဆရာမ ၃၅ ဦး စုစုပေါင်း ၆၀၇ ဦးအား မေ ၁၂ ရက်မှ မေ ၂၃ ရက်ထိ သင်တန်းပို့ချခဲ့ကြောင်း သိရသည်။

**(၀၃၉)**



# ရှမ်းပြည်နယ် မြို့ပြစနစ်ဖွံ့ဖြိုးတိုးတက်ရေးစည်းဝေး

**တောင်ကြီး မေ ၂၆**

ရှမ်းပြည်နယ်အတွင်း မြို့ပြစနစ်ဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ရာတွင် ကျေးရွာ၊ မြို့ပြ၊ မြို့တော်စသည်ဖြင့် စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးနှင့် မြေပိုင်ဆိုင်ရေးကိစ္စများတွင် "ပိုင်ရေးပိုင်ခွင့်၊ ဆိုင်ရေးဆိုင်ခွင့်" ရှိသူများ အမြန်ဆုံးနှင့် အမှန်ဆုံးဖြစ်စေရေးအတွက် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများကလည်း အမူအကျင့်များ ပြောင်းလဲရန်လိုအပ်ကြောင်း မေ ၂၃ ရက်က ရှမ်းပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရှမ်းပြည်နယ်မြို့ပြစနစ် ဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ထည့်သွင်းပြောကြားသည်။

အစည်းအဝေးတွင် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးရဲနိုင်အောင်နှင့် ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးစိုင်ဆာလူတို့မှ ကော်မတီဖွဲ့စည်းမှု၊ မြေအောက်ရေအသုံးချမှု၊ အဆောက်အအုံများ ဆောက်လုပ်ရာတွင် စံချိန်စံညွှန်းများကိုက်ညီမှု၊ နိုင်ငံတော်သမ္မတရုံးမှ ထုတ်ပြန်သည့် တင်ဒါစည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးမြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုများ ရွေးချယ်ရန် ကိစ္စများ၊ လယ်ယာမြေဥပဒေအား ကျေးလက်နေ ပြည်သူများသိရှိရန် ကိစ္စများအား အသေးစိတ်ဆွေးနွေး တင်ပြကြကြောင်း သိရသည်။

**နိုင်ထွန်း (TGI)**

# သထုံမြို့နယ် ဝင်းစိန်အလယ်ကျေးရွာတွင် စိမ့်စမ်းရေသွယ်ယူပြီးစီး

**သထုံ မေ ၂၆**

ကျေးလက်နေပြည်သူများ နွေရာသီတွင် သောက်သုံးရေအလုံအလောက်ရရှိရေးအတွက် ကျေးရွာပိုင်သစ်တောကြိုးဝိုင်းအတွင်းရှိ စိမ့်စမ်းရေအိုင်မှ ရွာသို့ သွယ်ယူဖြန့်ဖြူးပေးနိုင်ရန် မွန်ပြည်နယ်အစိုးရအဖွဲ့၏ ပံ့ပိုးထောက်ပံ့မှုဖြင့် သထုံမြို့နယ် ဝင်းစိန်အလယ်ကျေးရွာတွင် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းကို ဧပြီ ၆ ရက်က စတင်ဆောင်ရွက်ခဲ့ရာ မေ ၁ ရက်တွင် လုပ်ငန်းများအားလုံး ဆောင်ရွက်ပြီးစီးခဲ့ပြီး ယခုအခါ ဒေသခံများမှာ မိမိတို့နေအိမ်ခြံဝင်းအတွင်းမှာပင် ပိုက်ဖြင့်သွယ်တန်းယူကာ စိတ်ကြိုက်သုံးစွဲနိုင်ပြီ ဖြစ်သည်။

ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ခင်က "ကျွန်တော်တို့ရွာ တောင်ပိုင်းနဲ့ အလယ်ပိုင်းမှာ ရေတွင်းတွေက သိပ်မရှိဘူး၊ နွေအခါရေရှားရင် မြောက်ပိုင်းမှာ သွားပြီးသယ်ယူရတယ်။ တော်တော်ဝေးဝေးသွားရတာပေါ့။ ပြည်နယ်အစိုးရက သောက်သုံးရေ သွယ်ယူဖို့ ထောက်ပံ့မယ်ဆိုတော့ ဇနီးဖြစ်သူနဲ့ တိုင်ပင်ပြီးကျွန်တော့် ကိုယ်ပိုင် ဒူးရင်းခြံက စိမ့်စမ်းရေအိုင်နေရာကို ရွာအတွက်လှူဒါန်းလိုက်တာပါ။ ရွာလမ်းတစ်လျှောက် ရေပိုက်သွယ်ထားပေးပါတယ်။တစ်နှစ်ပတ်လည်သုံးရေရတော့ ရွာသူရွာသားတွေက ရေအတွက် တော်တော်လေး စိတ်ချမ်းမြေ့နေကြပါပြီ" ဟု ပြောကြားခဲ့သည်။**(အပေါ်ဝဲပုံ)**

အဆိုပါလုပ်ငန်းအတွက် မွန်ပြည်နယ်အစိုးရအဖွဲ့က ငွေကျပ် ၄၂သိန်း ထောက်ပံ့ပေးခဲ့ပြီး တောင်ပေါ် ဒူးရင်းခြံရှိစိမ့်စမ်းရေအိုင်မှ ရေကို ကျေးရွာရှိ အလျား ၁၆ ပေ၊ အနံ ၁၆ ပေ၊ အမြင့် ၆ ပေရှိ ရေကန်အထိ အရှည်ပေ ၆၀၀၀ ခန့် ပိုက်ဖြင့်သွယ်ယူစုဆောင်းကာ ရွာရိုးတစ်လျှောက် နေ့စဉ်အိမ်ခြေ ၂၅၄ လုံး၊ လူဦးရေ ၁၆၂၀ တို့အတွက် ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

**သက်ဦး (သထုံ)**

**မီးမလောင်ခင်**
**သတိယှဉ်**
**ကြိုတင်ကာကွယ်ပါ**

---

## သာသနာရေးဝန်ကြီးဌာန
## သာသနာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သာသနာရေးဦးစီးဌာနအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-
(က) ကွန်ပျူတာအပိုပစ္စည်းများ
(ခ) လုပ်ငန်းသုံးပစ္စည်းများ
(ဂ) ရုံးသုံးကွန်ပျူတာနှင့်အခြားရုံးသုံးပစ္စည်းများ
(ဃ) ရုံးသုံးပရိဘောဂများ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၅-၆-၂၀၁၃ ရက်မှစတင်၍ နေ့စဉ် ၉း၃၀နာရီမှ ၁၆း၃၀ နာရီအထိ ရုံးဖွင့်ရက်အတွင်း လာရောက်ထုတ်ယူနိုင်ကြောင်းနှင့် ဝယ်ယူမည့် ပစ္စည်းအမျိုးအမည် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါ လိပ်စာတွင် ရယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၅-၆-၂၀၁၃ ရက် နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ကိုယ်တိုင်ဤဝန်ကြီးဌာန၊ စုပေါင်းခန်းမ၊ တင်ဒါပုံးထဲသို့ အများရှေ့မှောက်တွင် ထည့်ရမည်၊ သတ်မှတ်ချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ တင်ဒါချိန်ကုန်ဆုံးပြီးနောက် တင်ဒါတင်သွင်းသူများနှင့် ပစ္စည်းတင်ဒါကြီးကြပ်ရေးအဖွဲ့ ရှေ့မှောက်တွင် တင်ဒါများဖွင့်လှစ်၍ သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်မှု ရှိ/မရှိ စိစစ်ကြေညာမည်ဖြစ်ပါသည်။

၅။ တင်ဒါစည်းမျဉ်းစည်းကမ်းနှင့် ညီညွတ်၍ အနိမ့်ဆုံးဈေးပေးသွင်းသူအား ရွေးချယ်၍ စာချုပ်ချုပ်ဆိုဝယ်ယူမည်ဖြစ်ပါသည်။

**သာသနာရေးဦးစီးဌာန**
**ရုံးအမှတ်(၃၁)၊ နေပြည်တော်**
**ဆက်သွယ်ရန်ဖုန်း-၀၆၇-၄၀၆၀၄၇၊ ၀၆၇-၄၀၆၂၃၂**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မိတ္ထီလာခရိုင်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်းလုပ်ငန်းများအတွက် လိုအပ်သော လမ်းခင်းကျောက်များကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | လမ်းခင်းကျောက်ရွယ်စုံ | ၉၂၅၉ကျင်း |

တင်ဒါလျှောက်လွှာပိတ်ရက် - ၁၀-၆-၂၀၁၃ရက်
တင်ဒါလျှောက်လွှာပိတ်မည့်အချိန် - ၂း၀၀နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို မြို့နယ်အင်ဂျင်နီယာရုံး၊ မိတ္ထီလာမြို့တွင် ၂၉-၅-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၄-၂၃၀၈၇-၂၃၅၆၈**

## အသိပေးကြေညာချက်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနစီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေ(ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော)များတွင် ပုဂ္ဂလိကစိုက်ခင်း တည်ထောင်ခွင့်ရယူထားပြီး စီမံချက်ပါနှစ်စဉ်လျာထားချက်နှင့် သတ်မှတ်စည်းကမ်းနည်းလမ်းများနှင့်အညီ စိုက်ပျိုးလုပ်ကိုင်ခြင်းမရှိသော နိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်နှင့် ဒေသခံပြည်သူများသည် (၁၅)ရက်အတွင်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်သစ်တောဦးစီးဌာနသို့ သွားရောက်ဆက်သွယ်၍ ဆွေးနွေးရှင်းလင်းကြပါရန်နှင့် ဤကဲ့သို့ ဆက်သွယ်ဆောင်ရွက်ခြင်းမရှိပါက ပုဂ္ဂလိကစိုက်ခင်းတည်ထောင်လုပ်ကိုင်ခွင့်ဆိုင်ရာ စည်းကမ်းချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ၂၀၁၂ခုနှစ်၊ ဒီဇင်ဘာလ ၁၁ရက်တွင် မြန်မာ့အလင်းသတင်းစာမှ အသိပေးကြေညာခဲ့ပါသည်။

ပုဂ္ဂလိကစိုက်ခင်းများ စိုက်ပျိုးပြီးစီးမှုကို စိစစ်ရာ ယနေ့အထိ လုံးဝစိုက်ပျိုးခြင်းမရှိသော ဧရိယာအား အောက်ပါအတိုင်း တွေ့ရှိရပါသည်-

| စဉ် | စိုက်ခင်းအမျိုးအစား | လုံးဝစိုက်ပျိုးခြင်းမရှိသည့်ဧရိယာ(ဧက) |
|---|---|---|
| ၁။ | သစ်တောစိုက်ခင်း(ကျွန်း၊ သစ်မာမျိုးစုံ) | ၃၄၉၈၉ |
| ၂။ | ရော်ဘာ၊ ဆီအုန်း၊ စက်မှုကုန်ကြမ်းစိုက်ခင်း | ၄၄၆၂၄၉ |

သို့ဖြစ်ပါ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေ(ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော)များတွင် ပုဂ္ဂလိကစိုက်ခင်းတည်ထောင်လုပ်ပိုင်ခွင့်ရရှိထားပြီး လုံးဝစိုက်ပျိုးခြင်းမရှိသော တိုင်းရင်းသားကုမ္ပဏီလုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများသည် ၁၁-၆-၂၀၁၃ရက် နောက်ဆုံးထား၍ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်သစ်တောဦးစီးဌာနသို့ ပြန်လည်အပ်နှံဆောင်ရွက်ရန်နှင့် အပ်နှံခြင်းမရှိပါက ပုဂ္ဂလိကစိုက်ခင်း တည်ထောင်လုပ်ကိုင်ခွင့်ဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန**

## ဘားအံစက်မှုဇုန်မြေနှင့်ပတ်သက်၍အသိပေးကြေညာချက်

ကရင်ပြည်နယ်၊ ဘားအံစက်မှုဇုန်သို့ လာရောက်ရင်းနှီးမြှုပ်နှံရန် အဆိုပြုသူများအား မြေကွက်များလျာထားသတ်မှတ်၍ နေရာချထားပေးရာ ဇုန်(၁)တွင် ကုမ္ပဏီ(၂)ခုအား မြေကွက်(၃၈)ကွက်၊ ဇုန်(၂)တွင် ကုမ္ပဏီ(၆)ခုနှင့် လုပ်ငန်းရှင်(၃၉)ဦးတို့အား မြေကွက်(၁၉၁)ကွက်၊ ဇုန်(၃)တွင် ကုမ္ပဏီ(၂)ခုနှင့် လုပ်ငန်းရှင်(၄၁)ဦးအား မြေကွက်(၆၉)ကွက်၊ ဇုန်(၄)တွင် လုပ်ငန်းရှင်(၂၅၆)ဦးတို့အား မြေကွက်(၃၂၄)ကွက်များ အသီးသီးချထားခဲ့ပါသည်။ ယခုအခါ မြေကွက်နေရာလျာထားပြီး နေရာချထားခြင်းခံရသော ကုမ္ပဏီနှင့်လုပ်ငန်းရှင်အချို့တို့အနေဖြင့် သတ်မှတ်အရစ်ကျပေးသွင်းရမည့် ကျသင့်ငွေများအား ပေးသွင်းခြင်းမရှိသေးကြောင်း တွေ့ရှိရပါသည်။ သို့ပါ၍ ယနေ့ထိ မြေကွက်တန်ဖိုးပထမအရစ် မပေးသွင်းသေးသောကုမ္ပဏီ၊ လုပ်ငန်းရှင်တို့အနေဖြင့် ၂၀၁၃ခုနှစ်၊ ဇွန်လ ၃၀ရက်နောက်ဆုံးထား၍ ပေးသွင်းကြပါရန်နှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက ချထားပေးသော မြေကွက်များအား အလိုအလျောက် ပြန်လည်ရုပ်သိမ်းခြင်းခံရမည်ဖြစ်ကြောင်း အသိပေးနှိုးဆော် အကြောင်းကြားအပ်ပါသည်။

**ဘားအံစက်မှုဇုန်ကြီးကြပ်ရေးကော်မတီ**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား ဂိုဒေါင်ရောက်တန်ဖိုး D.D.P(Paung Laung)၊ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| | Tender No.08/DHPI/Transmission Line/2013-2014 | |
| 1. | 36 KV Current Transformer | 1Set |
| 2. | 36 KV $SF_6$ Gas Circuit Breaker | 1Set |
| 3. | 36 KV Disconnecting Switch(With earth Switch) | 1Set |
| 4. | 36 KV Voltage Transformer | 1Set |
| 5. | 36 KV Lightning Arrester | 1Set |
| 6. | 36 KV GCB Control and Relay Panel | 1Set |
| 7. | 11/0.4 KV,50 KVA Transformer | 1 No |
| 8. | 12 KV Vacuum Circuit Braker | 1Set |
| 9. | Battery and Battery Charge (110 V,DC) | 1Set |
| 10. | Earthing System | 1Lot |
| | Tender No.09/DHPI/Spare Parts/2013-2014 | |
| 1. | Spare parts for Geological Machinery | 1Lot |

၂။ ပစ္စည်းများ၏ (Technical Specification)များအား ၂၇-၆-၂၀၁၃ ရက် ၁၂ နာရီတွင် နောက်ဆုံးထား၍ ကြိုတင် တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၇ ရက်၊ မွန်းတည့် ၁၂ နာရီဖြစ်ပြီး ၁၃း၀၀နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**ရုံးအမှတ်(၃၈)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၁၂၃၁၊ ဖက်စ်-၄၁၁၀၈၁**

## YWCA

**ကလေးသူငယ်များအား ချစ်သောသူများအတွက်**
**မူကြိုအကူဆရာဖြစ်သင်တန်း**

နေ့ရက် - ၂၀၁၃ ခုနှစ်၊ ဇွန်လ (၃-၂၈)ရက်
စာတွေ့+လက်တွေ့ (တစ်လသင်တန်း)
အချိန် - နံနက် ၉း၀၀-၄း၀၀ နာရီ
နေရာ - YWCA အသင်းတိုက်။
၁၁၉၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
စုံစမ်းရန် - ဖုန်း-၀၁-၂၅၆၉၉၀/၀၁-၂၄၅၆၈၀
စာရင်းပိတ်မည့်နေ့ - ၃၁-၅-၂၀၁၃ရက်(သောကြာနေ့)

မူကြိုကလေးများအား အရည်အချင်းပြည့်ဝစွာနှင့် စနစ်တကျ ကြည့်ရှုပြုစုတတ်ရန် သင်ကြားပေးမည့် အထူးတစ်လသင်တန်းဖြစ်ပါသည်။

## ဖတ်စရာမှတ်စရာ

# အောက်ရေဝဖို့ ဝိုင်းဝန်းဆောင်ရွက်စို့

ဒီနှစ်နွေရာသီမှာ ကျွန်တော်တို့နိုင်ငံက ရေရှားပါးမှုဟာ ယခင်နှစ်တွေကထက် ပိုဆိုးလာတာတွေ့ရပါတယ်ဆိုတာ အားလုံးသိကြမှာပါ။ ရှမ်းပြည်နယ် (မြောက်ပိုင်း)က ကျောက်မဲမြို့လိုနေရာမျိုးမှာတောင် ရေရှားလို့ရေကားတွေနဲ့ လိုက်ဝေရတယ်ဆိုတဲ့ သတင်းဖတ်လိုက်ရပါတယ်။ ရေတွင်းရေကန်တွေ ခန်းတယ်။ အဝီစိတွင်းတွေ ပေ ၂၀၀ တွင်းဆိုရင် ရေကောင်းကောင်းမလိုက်တော့ဘူး။ ဘာကြောင့်လဲဆိုတော့ မြေအောက်ရေခိုအောင်းမှုလျော့နည်းလို့ဟု ပညာရှင်တွေကဆိုပါတယ်။

သစ်တောတွေပြုန်းတီးတော့ မိုးခေါင်တယ်။ မြက်ခင်းလွင်ပြင်တွေ၊ သဘာဝပေါက်ပင်ငယ်တွေနဲ့ စားကျက်မြေ တွေပျက်စီးဆုံးရှုံးတော့ မိုးနည်းပါးရတဲ့အထဲရွာသမျှမိုးရေကလည်း မြစ်ချောင်းတွေဆီ ဒလဟောစီးဆင်းကုန်တော့ မြေအောက်ထဲ စိမ့်ဝင်ဖို့တောင် အချိန်မရလိုက်တော့ပါဘူး။ ကျွန်တော်တို့ငယ်ငယ်ကဆိုရင် ပတ်ဝန်းကျင်မှာ သစ်ပင်တွေက အများကြီး၊ မြက်တော၊ချုံတောလို့ခေါ်တဲ့ သဘာဝပေါက်ပင်တွေကလည်း အများကြီး၊ မိုးရွာရင် မိုးရေတွေက သစ်ပင်ကြီးတွေပေါ်အရင်ကျပြီးမှ မြေပေါ်ရောက်တာဆိုတော့ ရေကျကနှေးသွားတယ်။ အပေါ်ယံ မြေလွှာလည်းပျက်စီးမှုနည်းစေတယ်။ ရေကျနှေး၊ ရေစီးနှေးတော့ မြေကြီးထဲစိမ့်ဝင်ချိန်များများ ရှိသွားစေပါတယ်။

ထို့အတူပဲ မြက်ပင်ငယ်တွေ၊ စားကျက်ပြင်တွေ၊သဘာဝပေါက်ပင်ငယ်တွေပေါ် မိုးရေကျတော့လည်း အပေါ်ယံမြေလွှာမပျက်စီးတဲ့အပြင် မိုးရေကအဲဒီအပင်တွေကြားထဲမှာကြာကြာကိန်းအောင်းနေတော့ မြေကြီးထဲစိမ့်ဝင်နိုင်မှုက အချိန်ကြာကြာနဲ့ များများစိမ့်ဝင်သွားနိုင်တာပါပဲ။ ဒါကြောင့် မိုးနှောင်းဆိုရင် ကျွန်တော်တို့နားက ရေတွင်းရေကန်တွေ ရေပြည့်နေပြီး ဒေသအခေါ်က တော့ အောက်ရေဝတယ်လို့ ဆိုပါတယ်။မြေအောက်ရေခိုအောင်းမှု ကောင်းတယ်ဆိုတဲ့ သဘောပါ။ ဒါကြောင့် ရေတွင်းရေကန်တွေက နွေဆိုရင်ရေမခန်းဘူး။ ခပ်ယူသုံးစွဲမှုများလို့ လျော့သွားရင်တောင် ဘေးပတ်လည်မြေကြီးထဲက ရေစိမ့်ဝင်ပြီး အစားဖြည့်ပေးလို့နွေမှာ ရေဖူလုံစေပါတယ်။

ခုတော့ သစ်တောတွေကပြောင်၊ မိုးကခေါင်၊ မြက်ခင်းပြင်တွေ သဘာဝပေါက်ပင်ငယ်တွေကတောမီးလောင်တာနဲ့ လူတွေကရှင်းထုတ်ပြီး ဝင်ရောက်နေရာယူတာနဲ့ဆိုတော့ ရွာသမျှမိုးရေလေးတောင် မြေကြီးထဲစိမ့်မဝင်နိုင်ဖြစ်နေပါတယ်။ ဒါဆိုကျွန်တော်တို့အောက်ရေဝအောင် ပြန်လုပ်ရမယ်ဆိုတာ အဖြေသိပြီဗျာ။ ပတ်ဝန်းကျင်မှာ သစ်ပင်တွေ စိုက်ပေးရပါမယ်။ မြက်ခင်းတွေ၊ သဘာဝပေါက်ပင်ငယ်တွေကို ထိန်းသိမ်းကာကွယ်ပေးရပါမယ်။ ခုတ်ပြီး အပြောင်ရှင်းပစ်တာတို့၊ တောမီးရှို့ပစ်တာတို့မလုပ်ရပါဘူး။ စားကျက်မြေတွေ ပြန်ပြီး ထူထောင်ပေးရပါမယ်။ နိုင်ငံတော်ရဲ့တာဝန်ရှိတဲ့အပိုင်းက သစ်တောတွေပြန်လည်စိုက်ပျိုးပေးတာရှိသလို လူထုကလည်း ပါဝင်မှုဖြစ်မယ့် အခြေအနေမျိုးပါ။ တစ်ဦးချင်း၊ တစ်မိသားစုချင်း လုပ်နိုင်တာတွေရှိသလို ရပ်ရွာအလိုက်စုပေါင်းလုပ်ရမှာတွေလည်း ရှိပါတယ်။

လောလောဆယ်မှာ သစ်တောတွေကတော်တော်ပြုန်းကုန်တော့ မိုးရွာတာလည်းနည်းဦးမှာပဲ။ ဒါပေမယ့် ရွာသမျှမိုးရေလေးကို မြေကြီးထဲစိမ့်ဝင်အောင် လုပ်ရပါမယ်။ တစ်ဦးချင်းကတော့ နိုင်သလောက်သစ်ပင်စိုက် ပေးရမှာပါပဲ။ စုပေါင်းလုပ်သင့်တာကတော့ ရွာအလိုက်ရေကန်တွေတူးပေးကြရပါမယ်။ နွေမှာရေမတင်ဘဲ ရှိချင်ရှိမယ်၊ မိုးတွင်းမှာရွာသမျှရေကန်ထဲစုပြီး မြေအောက်ကို စိမ့်ဝင်ဖို့ အခွင့်အရေးများများရစေပါတယ်။ အိမ်တိုင်းလည်း ရေမထွက်သေးပေမယ့် ရေတွင်းတော့တူးနိုင်သလောက် တူးထားပေးသင့်ပါတယ်။ ဒါမှ မိုးရွာရင် ရေစုမိပြီးမြေအောက်ကိုရေများများ စိမ့်ဝင်နိုင်မှာပါ။ ဒီလိုနဲ့ပဲ အနာဂတ်ကိုပြန်စရမှာပါ။ တဖြည်းဖြည်းချင်းပျက်စီးယိုယွင်းလာတဲ့ သဘာဝကို တဖြည်းဖြည်းချင်းပဲပြန်ပြုပြင်ရမှာပါ။ တူးပေးထားတဲ့ ရေတွင်းရေကန်တွေကြောင့် အနီးအနားမှာစိုက်ထားတဲ့သစ်ပင်တွေက နွေအခါမှာ မြေအောက်ရေဓာတ်ကြောင့် ရှင်သန်မှု ပိုကောင်းစေပါတယ်။ ဒါလည်း ကန်တူးစ၊ သစ်ပင်စိုက်စမှာတော့ ခက်ခက်ခဲခဲပါပဲ။ ဒါကို ကျွန်တော်တို့ စိတ်ရှည်ရပါမယ်။ ဇွဲရှိရပါမယ်။ 'တစ်နေ့တစ်လံ ပုဂံဘယ်ပြေးမလဲ' ဆိုရိုးကိုနှလုံးမူဖို့ အချိန်ရောက်ပါပြီ။

အညာဒေသစိမ်းလန်းစိုပြည်ရေးအတွက် စိုက်တဲ့သစ်တောတွေဆိုရင် ကုန်းမြင့်ပိုင်းတွေ၊ တောင်ထိပ်ပိုင်းတွေမှာ ရေကန်ကြီးတွေ၊ ရေအိုင်ကြီးတွေ တူးပေးဖို့ နွေရာသီလူငယ်လုပ်အားပေးစခန်းဖွင့်ရင်တောင် ကောင်းမယ်လို့ တွေးမိပါတယ်။ အညာမှာမိုးမရွာတာကို ရွာအောင်လုပ်ဖို့ဆိုတာ တောင်ထိပ်ကြာပေါက်အောင်လုပ်သလို လုပ်ရမှာမျိုးမဟုတ်ပါလား။ ရွှေစက်တော်လို နွေအခါ ဘုရားဖူးစုံတဲ့အချိန်မှာ အလွန်ကြည်လင်နေတဲ့ရေကို လက်လှည့်တုံကင်တွေတပ်ဆင်ပြီး တောင်ကြောပေါ်ကိုရေတွန်းတင်ပေးမယ်ဗျာ၊ ဘုရားဖူးလာရင်း ရေအလှူကို လုပ်အားနဲ့ဒါနပြုတဲ့သဘောပေါ့။ တောင်ကြောပေါ်ရောက်တဲ့ရေက အပေါ်ကနေအောက်ပြန်စီးကျလာရင် ပတ်ဝန်းကျင်ကသစ်ပင်တွေအတွက် ရေဖျန်းပေးသလိုဖြစ်သွားတာပေါ့။ တွေးမိတာလေးတွေကိုတင်ပြလိုက်တာပါ။ ။

**စံထက်**

## တစ်ခေတ်ပြန်ထလာသော တရားမဝင်နွားသယ်ဆောင်မှုများ အခေါက်စိပ်လာ

**ရန်ကုန် မေ ၂၆**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်နှင့် သုံးခွမြို့နယ်တို့တွင် ဆက်စပ်ကျေးရွာများမှ လယ်ယာလုပ်ငန်းခွင်တွင် အသုံးပြုသောခိုင်းနွားများအား ဝယ်ယူနိုင်ရန် နွားကုန်သည်များမှ နွားဝယ်ယူပေးသည့် နွားပွဲစားများထားကာ ၎င်းမြို့နယ်နှစ်မြို့နယ်အတွင်းမှ လယ်ယာလုပ်ငန်းခွင်သုံးခိုင်းနွားများအား ဈေးကြီးပေး၍ဝယ်ယူပြီး မွန်ပြည်နယ် မော်လမြိုင်မြို့နယ်အတွင်းမှ နွားကုန်သည်များနှင့်ဆက်သွယ်ကာ မွန်ပြည်နယ်တွင်အသုံးပြုသော ဒုံးစက်လှေဖြင့် သုံးခွမြို့နယ် သာဂရကျေးရွာမြောက်ဘက် မြစ်ကျိုးတဲအိမ်စု-အုန်းပင်စုတွင် ဝယ်ယူထားသောနွားများအား စုရပ်ထားကာ မွန်ပြည်နယ် မော်လမြိုင်ဘက်မှာလာသောစက်လှေဖြင့် တစ်ပတ်တစ်ခေါက်ထွက်နေပြီး တစ်ခေါက်လျှင် ဒုံးစက်လှေအရွယ်အစား ပေါ်လိုက်၍ နွားကောင်ရေ ၃၀ မှ ၆၀ ထိ တင်ဆောင်နေသည်ကို စုံစမ်း သိရှိရပြီး ဖော်ပြပါဆက်စပ်ကျေးရွာ မြောက်ဘက်ကမ်းခြေမှ မော်လမြိုင်မြို့၊ ကျိုက္ခမီသို့ ၆ နာရီသာမောင်းနှင်ရကြောင်း သိရသည်။

စိုက်ပျိုးရေးရာသီတွင် ခိုင်းနွားများ မရှိပါက စိုက်ပျိုးရေးလုပ်ငန်းများ များစွာ ထိခိုက်မှုဖြစ်ပေါ်လာနိုင်သဖြင့် လယ်ယာလုပ်ငန်းခွင်တွင် အန္တရာယ်မဖြစ်စေရန် သက်ဆိုင်ရာတာဝန်ရှိသူများမှ အချိန်မီထိန်းသိမ်းကြပ်မတ်ပေးပါရန် ဒေသခံများမှ လိုလားလျက်ရှိကြောင်း သိရသည်။

**(တံတားကျော်လွင်)**

## အင်းတော်မြို့နယ်၌ မူးယစ်ဆေးဝါးဖမ်းဆီးရမိ

**မော်လူး မေ ၂၆**

မေ ၂၂ ရက်မွန်းလွဲပိုင်းတွင် မုံရွာမူးယစ်(အထူး) ကသာအဖွဲ့မှ ဒုရဲအုပ်ကျော်စိုးနိုင်နှင့်အဖွဲ့၊ မော်လူးစခန်းမှ ဒုရဲအုပ်မင်းသိန်းထွန်း ပူးပေါင်းအဖွဲ့တို့က သက်သေများဖြစ်သော မံဟဲကျေးရွာအုပ်စု မလူးကျေးရွာအုပ်ချုပ်ရေးမှူး ဦးလှအေး၊ အင်းတော်မြို့နယ်အောင်မေတ္တာရပ်ကွက်နေ ဦးကျော်ဆန်းတင့်တို့နှင့်အတူ မူးယစ်ဆေးဝါးသတင်းအရ အင်းတော်မြို့နယ် မံဟဲကျေးရွာအုပ်စု မလူးကျေးရွာနေ မသင်းသင်းဝေ၏နေအိမ်အား မုံရွာမူးယစ် (အထူး)အဖွဲ့ ကြီးကြပ်သူအရာရှိ၏ မူးယစ်ဆေးဝါးရှာဖွေဖမ်းဆီးခွင့်ဝရမ်းအမှတ် (၁၁/၂၀၁၃)ဖြင့် ဝင်ရောက်ရှာဖွေရာ နေအိမ်ကပ်လျက်ဈေးဆိုင်အတွင်း စားပွဲခုံအောက်တွင် သံဖြင့်ပြုလုပ်ထားသော တစ်ပုလင်းဝင်ဆံ့ ဓာတ်ဆီချိန်ခွက်အတွင်း စက္ကူဖြင့်ထုပ်လျက် ဘိန်းဖြူဟု ယူဆရသော အဖြူရောင်အမှုန့် အလေးချိန် သုည ဒသမ ၁ ဂရမ်ခန့်ပါ တစ်ထုပ်အား သက်သေများရှေ့တွင် တွေ့ရှိပြီး ဆက်လက်ရှာဖွေရာ ၎င်းခြံဝင်းအတွင်း နေအိမ်အနောက်ဘက်ရှိ ဝက်ခြံအနီး မြေတွင်းတူးမြှုပ်ထားသော အနက်ရောင်ပလတ်စတစ်အိတ်ဖြင့် ထည့်ထားသည့်အစိမ်းရောင်အချိုရည် ပလတ်စတစ်ဘူးအတွင်းထည့်လျက် ဘိန်းဖြူဟု ယူဆရသော အဖြူမှုန့် အလေးချိန် ၇ ဂရမ်ခန့်ပါ တစ်ဘူးနှင့် Love is flower စာတန်းပါ အနီအစိမ်းရောင်ဆပ်ပြာခွက်တစ်ခွက်အတွင်း အဖြူရောင် ပလတ်စတစ်ဖြင့် ထုပ်လျက် ဘိန်းဖြူဟုယူဆရသော အဖြူရောင်အမှုန့်အလေးချိန် ၁၈ ဒသမ ၅ ဂရမ်ခန့် တွေ့ရှိပြီး စုစုပေါင်း ဘိန်းဖြူဟုယူဆရသော အဖြူမှုန့်အလေးချိန် ၂၅ ဒသမ ၆ ဂရမ်ခန့်တွေ့ရှိ၍ သက်သေများရှေ့တွင် ရှာဖွေပုံစံရေးသွင်းသိမ်းဆည်းခဲ့ပြီး မုံရွာမူးယစ်(အထူး)တပ်ဖွဲ့မှ ဒုရဲအုပ်ကျော်စိုးနိုင်က တရားလိုပြုလုပ် တိုင်တန်းခဲ့သည်။



အမှုဖြစ်စဉ်နှင့် ပတ်သက်၍ မူးယစ်ဆေးဝါး လက်ဝယ်တွေ့ရှိသူ မသင်းသင်းဝေ(၃၃)နှစ် **(အောက်ပုံ)** အား မော်လူးရဲစခန်းမှ တရားစွဲဆိုနိုင်ရေးအတွက် စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

**(နီတိုး)**


## အမေရိကန်ပညာရေးစိတ်ဝင်စားသူများအတွက်



- "မြန်မာနိုင်ငံတွင် ပထမဦးဆုံး Academic Telesis မှ စီစဉ်ဆောင်ရွက်သော ၁၀တန်း/IGCSE အောင်မြင်ပြီးသူများ၊ ဘွဲ့ရပြီးသူများ USA College and University များသို့တိုက်ရိုက်တက်ရောက်ပညာသင်ကြားနိုင်မည့် အထူးအခွင့်အရေး"
- USA မှ နာမည်ကြီးတက္ကသိုလ်များနှင့် ကောလိပ်ပေါင်း ၁၀၀ ကျော်တို့၏ တရားဝင်ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသော Academic Telesis မှ Dual Degree programဖြင့် SAT, TOEFL, IELTS မလိုအပ်ဘဲ(၄)နှစ် ပညာရေးကို (၂) နှစ်စာကုန်ကျစရိတ်ဖြင့် တက်ရောက် ပညာသင်ကြားနိုင်သည်။
- မိမိသင်ယူလိုသောဘာသာရပ်များ၊ USA နှင့် နိုင်ငံတကာတွင် အလုပ်အကိုင်အခွင့်အလမ်းကောင်းသော ဘာသာရပ်များကို စိတ်တိုင်းကျ ရွေးချယ်နိုင်ပြီး ပညာသင်ဆုအခွင့်အလမ်းများလည်းရှိသောကြောင့် မည်သူမဆို အခမဲ့လာရောက်ဆွေးနွေးနိုင်ပါသည်။

**Academic Telesis Hot Line 01- 527168, 09 - 420087726**

No. (73), 2nd Floor, corner of Ma Po St and Myaynigone Zay St, Sanchaung Tsp:, Yangon www.academictelesis.com

## TILA Japanese Language School

- ဂျပန်ဘာသာစကားသင်တန်းများ နှင့် ဂျပန်နိုင်ငံတွင်ပညာသင်ကြားနိုင်ရန် တိကျသေချာသောဝန်ဆောင်မှု
- ဂျပန်ဘာသာစကားသင်ယူပြီး ဂျပန်နိုင်ငံတွင် မိမိသင်ထားသောပညာဖြင့် အလုပ်လုပ်ကိုင်လိုသူများ တိုက်ရိုက်ဆက်သွယ်ပါ

သင်တန်းသားသစ်များ လက်ခံနေပြီ

Star Resources ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းသင်တန်းဌာန


## သစ်မှအပ အခြားသစ်တောထွက်ပစ္စည်းများ ဈေးပြိုင်လေလံကြော်ငြာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ရှမ်းပြည်နယ်(လားရှိုး)၊ မူဆယ်ခရိုင်၊ မူဆယ်မြို့နယ်၊ သစ်တောဦးစီးဌာနမှ ပုံစံ(၈)ဝင်သစ်မှအပ အခြားသစ်တောထွက်ပစ္စည်းများအား လေလံအမှတ်-၁/၂၀၁၃-၂၀၁၄ဖြင့် လေလံတင်ရောင်းချသွားမည်ဖြစ်ပါသည်။ သစ်တောထွက်ပစ္စည်းများအား လပ်ပုံ(၇)ခု သတ်မှတ်၍ ၇-၆-၂၀၁၃ရက် နံနက် ၁၀နာရီတွင် လားရှိုးမြို့၊ သစ်တောဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးရုံးခန်းမ၌ မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသဖြင့် မည်သူမဆို လေလံစည်းကမ်းနှင့်အညီ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။ အသေးစိတ်စုံစမ်းသိရှိလိုပါက အောက်ပါဌာနများတွင် စုံစမ်းနိုင်ပါသည်။

(က) ဒုတိယညွှန်ကြားရေးမှူးရုံး၊ တွဲဖက်ပြည်နယ်အရာရှိ၊ သစ်တောဦးစီးဌာန၊ ရှမ်းပြည်နယ်၊ လားရှိုးမြို့၊ ဖုန်း-၀၈၂-၂၃၈၆၇

(ခ) လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ မူဆယ်ခရိုင်၊ မူဆယ်မြို့၊ ဖုန်း-၀၈၂-၅၁၅၉၉

(ဂ) ဦးစီးအရာရှိရုံး၊ သစ်တောဦးစီးဌာန၊ မူဆယ်မြို့၊ ဖုန်း-၀၈၂-၅၀၅၁၇

**လေလံရောင်းချရေးအဖွဲ့၊ သစ်တောဦးစီးဌာန**


Since 1989

SAYA-TONY

* IELTS / TOEFL

* Elementary Spoken English (ESE)
* Intermediate General English (IGE)
* Advanced General English (AGE)
* Grammar & Basic Translation Course

☎ : 249178, 09-5138867, 09-5061343, 09-448000410

ENGLISH Conversation Practice

Saya.Yang

Great Wall

TAMWE - 540714, 09 5183636
09 49 285182



Virgin Land Travels & Tours

- booking
- Visa

01-8610252, 09-5202643, 09-5123793


ကမ္ဘာ့သမိုင်းမှတ်စုငယ်

မြနှင်းဇီ (Mra Hninzi)

တန်ဖိုး - ၄၅၀၀ ကျပ်

အမြို့မြို့ဆိုင်တိုင်းတွင် ရနိုင်ပါသည်။


U Aye Kyu (Institute of Economics)

(UNIQUE education service)

LCCI သင်တန်းများ

စတင်လက်ခံနေပြီ။

Phone: 01-202037, 09-5161658, 09-73179169



လှန်းထားထား

လျှပ်နွယ်ကဲ့သို့ပြီးပြက်သော

ရာဇဝင်ကို

ဂန်းနမ်းစတိုင်(လ်)


## ပျောက်ဆုံးကြောင်း

ဦးလှမင်းထွန်း၏ ပတ်စ်ပို့စာအုပ်(MA-015963)နှင့် ဦးဘုန်းနိုင်၏ ပတ်စ်ပို့စာအုပ်အမှတ်(MA-016708)တို့သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပေးပို့ပါရန်။

**ဆက်သွယ်ရန်**

**ဖုန်း-၀၉-၄၀၁၆၄၆၆၉၂**


Jelly Candy

DeeDo Aloe Vera

sauce

| | | | |
|---|---|---|---|
| 1 | (31.5.13) မှ (5.6.13) | 3 | (6.6.13) မှ (11.6.13) |
| 2 | (3.6.13) မှ (8.6.13) | 4 | (9.6.13) မှ (14.6.13) |

MASTER

01-248014


## Recruitment

Recruiting for Yabashi Myanmar CAD Technologies Co., Ltd, which is newly established Japanese 100% foreign capital company. Our company's business is to design and input structural designs of residential houses and buildings is Japan.

We are looking to recruit following:

**Architectural engineers:** 14 persons

Requirements:

- Studied architectures at university (B.arch)
- No pervious experience required.
- Able to use AutoCAD, Microsoft Office
- Person who is self-motivated and able to work patiently.

Work content:

- Use Japanese CAD to input structural designs for Japanese houses and small sized buildings.
- Japanese language training and training on Japanese architectural knowledge are provided from the basis.
- Training in Japan in the future is possible depending on the work requirement.

**Japanese - Myanmar translator :** 1 person

Requirements:

- Studied Japanese at university.
- No previous experience required.
- Person who is self-motivated and able to work patiently.

Work content:

- Interpreting between Japanese - Myanmar
- Translate architecture related documents and other documents from and to Japanese
- Carry out Japanese training to other employees.

Applicant who is interested in above mentioned position should submit detail with recent photo, a copy of NRC, labor registration card, necessary certificates, expected salary to **U WIN HTAY tel- 09 44027278** and **myanmarcadyangon@gmail.com** or **53 A, Myitzu Lane 1, Parami, Yangon.** Closing Date 29 May, 2013 (Wednesday).


ဆေးခန်းဖွင့်ချိန် - နံနက်(၉း၀၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီထိ

ညနေ(၃း၀၀)နာရီမှ ည(၆း၃၀)နာရီထိ(တနင်္ဂနွေနေ့တိုင်းဆေးခန်းပိတ်သည်။)

ဆက်သွယ်ရန်ဖုန်း - ၀၉-၇၃၀ ၂၉၇၅၅



စင်ထွာ မီးလင်းကဏ္ဍား

CENTRA

TOYOTA BELTA ကား (၁) စီး ၊ ဆော်တော်ဆိုင်ကယ် (၃) စီး နှင့်





DVD PORTABLE

DVD PLAYER

Samsung Galaxy TAB2

# ဂျပန်နိုင်ငံက မြန်မာနိုင်ငံ၏အဓိကလုပ်ငန်းနယ်မြေသုံးခုအတွက် ဖွံ့ဖြိုးရေးအကူအညီ ယန်းသန်းပေါင်း ၉၁၀၀၀ ပေးအပ်မည်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးတို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။ (သတင်းစဉ်)

**နေပြည်တော် မေ ၂၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာရှင်ဇိုအာဘေးနှင့် ဇနီး မစ္စစ်အာကီအာဘေးတို့သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ အထူးလေယာဉ်ဖြင့် ထွက်ခွာလာရာ နံနက် ၈ နာရီခွဲတွင် နေပြည်တော်သို့ ရောက်ရှိကြသည်။

ဧည့်သည်တော် ဂျပန်နိုင်ငံဝန်ကြီးချုပ်နှင့်ဇနီးတို့သည် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးတို့က ဂုဏ်ပြု ကြိုဆိုသည့်အခမ်းအနားသို့ တက်ရောက်ရန် နံနက် ၉ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော် ဥပစာ မြက်ခင်းပြင်သို့ ရောက်ရှိလာရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။ ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ နိုင်ငံတော်သီချင်းများကို ဂုဏ်ပြုတီးမှုတ်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ဂုဏ်ပြုကြိုဆိုပွဲအပြီးတွင် နိုင်ငံတော်သမ္မတအား ဂျပန်နိုင်ငံဝန်ကြီးချုပ်က ၎င်းနှင့်အတူ လိုက်ပါလာကြသည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးပြီး **စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖**



# မြန်မာအမျိုးသမီးအသင်း အာရှခြေစစ်ပွဲအောင်ပြီ

**ရန်ကုန် မေ ၂၆**

၂၀၁၄ အာရှဖလား အမျိုးသမီး ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲအုပ်စု(ဃ) ပွဲစဉ်များကို ယမန်နေ့ညပိုင်းက ပါလက်စတိုင်းနိုင်ငံတွင် ဆက်လက်ကျင်းပခဲ့ရာ မြန်မာအသင်းက တရုတ်(တိုင်ပေ) အသင်းကို ဂိုးမရှိသရေကစားပြီး ခြေစစ်ပွဲအောင်မြင်သွားသည်။

မြန်မာအမျိုးသမီး အသင်းမှာ ရှုံးပွဲမရှိ၊ ပေးဂိုးမရှိဖြင့် အာရှဖလားပြိုင်ပွဲကို ယှဉ်ပြိုင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းမှာ အိန္ဒိယအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ပါလက်စတိုင်းအသင်းကို ကိုးဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ရရှိခဲ့ပြီး တရုတ်(တိုင်ပေ)နှင့် သရေကျကာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ ရမှတ် ခုနစ်မှတ်ဖြင့် ခြေစစ်ပွဲအောင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းမှာ တရုတ်(တိုင်ပေ) အသင်းနှင့် အမှတ်တူသော်လည်း ဂိုးကွာခြားချက် အသာရခဲ့သောကြောင့် အုပ်စုပထမရခဲ့ခြင်းဖြစ်သည်။ **(အပေါ်ပုံ)**

မြန်မာအမျိုးသမီး အသင်းမှာ အာရှဖလားပြိုင်ပွဲကို လေးကြိမ်မြောက် ယှဉ်ပြိုင်ခွင့် ရရှိခဲ့ခြင်းဖြစ်သည်။ နောက်ဆုံးအဆင့်ပြိုင်ပွဲကို ၂၀၁၄ ခုနှစ်တွင် ဂျပန်နိုင်ငံ၌ ကျင်းပသွားမည်ဖြစ်သည်။

**(ဖိုးသော်ဇင်)**

# ချမ်းအေးသာစံမြို့နယ်တွင် ကားနှင့်ဆိုင်ကယ် ခြောက်စီးဆင့်တိုက်

**မန္တလေး မေ ၂၆**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၃၅) လမ်း၊ (၇၃) လမ်းနှင့် (၇၄) လမ်းကြားတွင် မေ ၂၆ ရက် ညနေ ၄ နာရီ ၁၀ မိနစ်ခန့်က ယာဉ်မတော်တဆမှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မန္တလေးမြို့ မဟာအောင်မြေမြို့နယ် (၈၂)လမ်းနှင့် (၈၃)လမ်းကြား ၃ ရပ်ကွက်နေ ယာဉ်မောင်း မအိခိုင်ဇော် (၂၇)နှစ် မောင်းနှင်လာသော ဟိုင်းလပ် SURF ၄ဃ/ ---သည် မြောက်မှ တောင်သို့မောင်းနှင်လာပြီး (၃၅)လမ်းအရောက် အနောက်ဘက်သို့ ချိုးကွေ့စဉ် ၎င်းနှင့်အတူ မော်တော်ယာဉ်ပေါ်တွင် ပါလာသည့် ခန့်တေဇမှာ ကားတံခါးဖွင့်လိုက်သဖြင့် ယာဉ်မောင်း မအိခိုင်ဇော်မှာ စိတ်လှုပ်ရှားပြီး ကြောက်လန့်ကာ လီဗာနှင့် ဘရိတ်မှားနင်းမိသဖြင့် (၃၅) လမ်းပေါ် မြောက်ဘက်ခြမ်းလမ်းဘေးရပ်ထားသော ဆိုင်ကယ်ခြောက်စီးနှင့် စက်ဘီးတစ်စီးကို ဝင်ရောက်တိုက်မိပြီး ရွှေပွင့်လွှာသဘော်ဆေးဆိုင်နှင့် ကုန်မာဆိုင်အဝင်သို့ ဝင်ရောက်တိုက်မိခြင်းဖြစ်သည်။ **(အောက်ပုံ)**

အဆိုပါယာဉ်မတော်တဆဖြစ်ပွားမှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ ရွှေပွင့်လွှာသဘော်ဆေးဆိုင်နှင့် ကုန်မာဆိုင်မှ ဆေးများ ပျက်စီးဆုံးရှုံးသွားခဲ့ကြောင်းနှင့် တာဝန်ရှိသူတို့က အမှုဖွင့်ဆောင်ရွက်လျက်ရှိသည်။

**(၄၆၉)**



## ယနေ့ မာတိကာ


ဘေးကင်းဖို့က အဓိက — စာမျက်နှာ - ၂

အောလ်နီပွန် လေကြောင်းလိုင်းမှ ဘိုးရင်း-၇၇၇ လေယာဉ် ပျံသန်းမှု ပြန်လည်စတင် — စာမျက်နှာ - ၄

မျက်မှန်စိမ်းတပ်၍ ကြည့်နေကြလျှင်ဖြင့်... — စာမျက်နှာ - ၁၁


## ကြော်ငြာအပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာစာမျက်နှာအပိုလေးမျက်နှာ ပါရှိပါသည်။




